ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ စနေနေ့၊ (7-1-2006) (၄၈၃၃)

☆ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်ပေါင်းတစ်ရာကျော်တို့ အတူတကွ မှီတင်းနေထိုင်ခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ အဓိကကျတဲ့ အမျိုးသားနိုင်ငံရေးဖြစ်တယ်။ ဒါကြောင့် မျိုးချစ်တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ခဲ့တယ်။

ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန် ဆောင်ပုဒ်အတိုင်း တပ်မတော်သားများနှင့်မိသားစုများ၏ ကျန်းမာကြံ့ခိုင်ရေးကိုတာဝန်ယူ တာဝန်ကျရာဒေသမှာ တွေ့ကြုံရမည့် မိဘပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အကျိုးပြုဆောင်ရွက် အနောက်တိုင်းဆေးပညာကိုသာမက တိုင်းရင်းဆေးပညာကိုလည်း အလေးထားပြီး လေ့လာလိုက်စား အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူရမှာဖြစ်၍ အရည်အချင်းမြင့်မားသည့် လူသားအရင်းအမြစ်များဖြစ်ရန်ကြိုးစား

ရန်ကုန် ဇန်နဝါရီ ၆

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

ရဲဘော်တို့ဟာ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှာ တပ်စုမှူးအဆင့် စစ်ပညာများကို သင်ကြားလေ့ကျင့်ပြီးကြတဲ့အပြင် သူနာပြုနဲ့ ဆေးဘက်ပညာတွေကိုလဲ အောင်မြင်စွာ ဆည်းပူးနိုင်ခဲ့ကြပြီဖြစ်တယ်။ ယနေ့ဆိုရင် ရဲဘော်တို့ကို သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့နဲ့ ရောဂါရှာဖွေရေးပညာ၊ ဓာတ်မှန်ရိုက်ပညာ၊ ကာယကုသပညာ စတဲ့ ဆေးဘက်ပညာသိပ္ပံဘွဲ့များအနက် သက်ဆိုင်ရာ ဘွဲ့အသီးသီးကိုအပ်နှင်းပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှာ တာဝန်ပေး ခန့်အပ်တော့မှာဖြစ်တဲ့အတွက် မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့–

ဒို့တပ်မတော်ဟာ ဆုံးရှုံးသွားခဲ့တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိဖို့အတွက် သူ့ကျွန်မခံတဲ့စိတ်ဓာတ်နဲ့ ပြည်သူကြားက ပေါက်ဖွားလာတဲ့ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၆

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၁-၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကြိုးပမ်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုးဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရေရှည်တည်တံ့ ခိုင်မြဲမည့် ဒီမိုကရေစီစနစ် ထူထောင်နိုင်ရေးအတွက် ပုံဖော်တည်ဆောက် လျက်ရှိရာတွင် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား၍ ဖော်ဆောင်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ်လူငယ်များအား အသိအမြင် ဗဟုသုတ အတွေးအခေါ် ကြွယ်ဝရင့်ကျက်လာစေရန် သင်တန်းများ၊ နည်းပြသင်တန်းများ ဖွင့်လှစ်၍ စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီလ ၅ ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် **ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ ဦးဆောင်ဦးရွက်ကောင်းသည့် အခွင့် အလမ်းကောင်းများကိုရယူပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ကြပါ၊ တိုင်းရင်းသား ပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်များ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်နိုးကြား ထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ** ဟူ၍ မှာကြားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသားများအနေဖြင့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် နိုင်ငံသမိုင်း၊ အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၌ ဒေသတွင်းနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတကာအခြေအနေအရပ်ရပ်ကို ကာလသုံးပါးနှင့် ဆက်စပ်ပြီး ဘဝအတွေ့အကြုံဖြင့် ထင်ဟပ်လေ့လာခဲ့ကြပြီးဖြစ်ရာ သင်တန်းမှရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာ အတွေးအခေါ်များအား လက်တွေ့တာဝန်ထမ်းဆောင်ရာ တွင် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုးတို့ကို သိရှိသဘောပေါက်သည်နှင့်အမျှ နိုင်ငံတော်အတွင်း၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားနေစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအနေဖြင့် တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်များ ထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းရင်း နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ထာဝစဉ်သယ်ပိုးဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

တရုတ်ပြည်မှ လာသော ငြိမ်းချမ်းရေးသံတမန်ကျင့်ဟို၏ အနောက်ပိုင်း ပင်လယ်ရေကြောင်းခရီးစဉ် နှစ် ၆၀၀ ပြည့် အထိမ်းအမှတ်ပြပွဲဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက စီစဉ်ခင်းကျင်း ပြသသည့်“တရုတ်ပြည်မှ လာသော ငြိမ်းချမ်းရေးသံတမန် ကျင့်ဟို(Zheng He)၏ အနောက်ပိုင်း ပင်လယ်ရေကြောင်း ခရီးစဉ်နှစ် ၆၀၀ ပြည့် အထိမ်းအမှတ်ပြပွဲ” ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၌ ကျင်းပသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်း၊ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တရုတ်ပြည်မှ လာသော ငြိမ်းချမ်းရေးသံတမန် ကျင့်ဟို၏ အနောက်ပိုင်း ပင်လယ်ရေကြောင်း ခရီးစဉ် နှစ် ၆၀၀ ပြည့် အထိမ်းအမှတ်ပြပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေး ကစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးညာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖေသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှအသင်းဝင်သတင်းထောက်များနှင့် စာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရှိ တရုတ်အမျိုးသား လူမှုရေးအဖွဲ့အစည်းများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုက “တရုတ်ပြည်မှလာသော ငြိမ်းချမ်းရေးသံတမန် ကျင့်ဟို (Zheng He)၏ အနောက်ပိုင်း ပင်လယ်ရေကြောင်း ခရီးစဉ်နှစ် ၆၀၀ ပြည့် အထိမ်းအမှတ်ပြပွဲ”ခင်းကျင်းပြသခြင်း၏ ရည်ရွယ်ချက်နှင့် ပြပွဲနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဖေသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုတို့က ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ဧည့်သည်တော်များသည် ပြပွဲ၌ ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ“တရုတ်ပြည်မှ လာသော ငြိမ်းချမ်းရေးသံတမန် ကျင့်ဟို(Zheng He)၏အနောက်ပိုင်းပင်လယ်ရေကြောင်း ခရီးစဉ်နှစ် ၆၀၀ ပြည့်အထိမ်းအမှတ်ပြပွဲ”တွင် တရုတ်ပြည်မှ ကျင့်ဟိုသည် ခရစ်နှစ် အေဒီ ၁၄၀၅ ခုနှစ်မှ ၁၄၃၃ ခုနှစ် အတွင်း ရေမသင်္ဘောအဖွဲ့ကို ဦးဆောင်၍ ပင်လယ်နီနှင့် အာဖရိက အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းအထိ ခုနစ်ကြိမ်တိုင် သွားရောက်ပြီး နိုင်ငံဒေသ အချင်းချင်း တန်းတူရည်တူ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုရှိသော ကူးသန်းရောင်းဝယ်ရေးနှင့် ချစ်ကြည်ရင်းနှီးသော ကူးလူးဆက်ဆံမှု ပြုခဲ့ရာ ၎င်း၏ ကြိုးပမ်းဆောင်ရွက်မှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံအားလုံးအပေါ် ငြိမ်းချမ်းစွာ အပြန်အလှန်အလေးထားဆက်ဆံမှု၏ ပြယုဂ်အဖြစ်လည်းကောင်း၊ တရုတ်လူမျိုးတို့၏ ပင်ပန်းဆင်းရဲခြင်းကို မမှုသည့်၊ သဘာဝကိုတိုက်ခိုက်နှိမ်နင်းနိုင်သည့် သန္နိဋ္ဌာန်ကို လည်းကောင်း၊ တရုတ်အမျိုးသားတို့၏ လွတ်လပ်ပြီးတိုးတက်မှုကိုရယူလိုသည့် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသော အမြဲတေတန်ဖိုးအမြင်ကို လည်းကောင်း ကမ္ဘာ့ပြည်သူများအား နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ပြကွက်အခန်းပေါင်း ၁၇ ခန်းဖြင့် စီစဉ်ခင်းကျင်းပြသထားသည်။

အဆိုပါ ပြပွဲကို ယနေ့မှ ဇန်နဝါရီ ၁၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ၄နာရီအထိ ဖွင့်လှစ်ပြသထားမည် ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံ၊ ကျောက်ချောလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

အမျိုးသားညီလာခံကိုဂုဏ်ပြုထောက်ခံသောအားဖြင့် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွန်သာရပ်ကွက် ခွန်သာလမ်းသွယ် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်တွင် အဆိုပါ ကျောက်ချောလမ်းသစ်ထိပ် မုခ်ဦး၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က ကျောက်ချောလမ်းသစ် ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကျောက်ချောလမ်းသစ်မှာ အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ပေ ရှိသည်။ (သတင်းစဉ်)

အထက(၁)ပုဇွန်တောင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

အထက(၁)ပုဇွန်တောင်ကျောင်းတွင် ၁၉၅၀မှ ၁၉၈၀အထိ ပညာသင်ကြားပေးခဲ့သော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဆရာ၊ ဆရာမကြီးများ၊ ၁၉၅၀မှ ၂၀၀၀ ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဦးအုန်းမြင့်၊ဆရာမဒေါ်ကျင်ရီလေးဖုန်း-၂၉၈၈၁၆၊ ဦးအုန်းကျော်ဖုန်း-၅၈၀၂၉၇၊ ဦးသန်းတင် ဖုန်း-၃၇၈၄၅၇၊ ဒေါ်ခင်စန်း ဖုန်း-၅၄၉၉၃၉၊ ဒေါ်လှစိုးကြည် ဖုန်း-၂၉၅၁၂၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်(က-ပ)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်းနေ ဦးစောလွင်-ဒေါ်သန်းမြင့်၊ (သားကြီး) ကျော်နေလွင်၊ (သမီး) ခိုင်ဇင်လွင်၊ (သားငယ်)မောင်ကိုဦး မိသားစုက ငွေကျပ် ၁၁၀၀၀၀ကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘက္ကရီးအီးဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် ၁၃၆၇ခုနှစ် ပြာသိုလဆန်း၁၃ရက်(၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၁ရက်) ဗုဒ္ဓဟူးနေ့ သည် အီဒွလ်အသွာဟာ (ဘက္ကရီးအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာထားသည်။

(သတင်းစဉ်)

☆ ကျန်းမာ၊ ကြံ့ခိုင်မှ

မျိုးချစ်တပ်မတော်ဖြစ်တယ်။ မျိုးချစ်တပ်မတော်သားတွေဟာ စိတ်ဓာတ်မွန်မြတ်တယ်။ ဒါကြောင့် ပင်ကိုအသိနဲ့ စည်းကမ်းကောင်းကြတယ်။ ထို့အတူပဲ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားလိုတယ်။ သစ္စာတရားရဲ့ စည်းနှောင်မှုနဲ့ စည်းလုံးညီညွတ်ကြတယ်။ ဖွဲလုံ့လ ဝီရိယရှိပြီး အပင်ပန်းအဆင်းရဲခံနိုင်တယ်။ စွမ်းရည်ရှိပြီး အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိရှိတယ်။ ဒါကြောင့်လဲ ပြည်သူတစ်ရပ်လုံးက ရင်နှစ်သည်းချာတွေဖြစ်တဲ့ တပ်မတော်သားတွေကို ချစ်ခင်လေးစား အားထားယုံကြည်ကြတယ်။ ပြည်သူနဲ့တပ်မတော်ဟာ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖက်ဆစ်တို့ကို ခုခံတွန်းလှန်နိုင်ခဲ့ကြတယ်။

ဖက်ဆစ်တော်လှန်ရေးအပြီးမှာ တပ်မတော်ခေါင်းဆောင်တွေဟာ အမျိုးသားနိုင်ငံရေးမျက်နှာစာကို ပြောင်းပြီး လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့ကြတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်တည်ထောင်ပေးခဲ့ကြတယ်။

ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်တို့ အတူတကွ မှီတင်းနေထိုင်ခဲ့ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အဓိကကျတဲ့ အမျိုးသားနိုင်ငံရေးဖြစ်တယ်။ ဒါကြောင့် မျိုးချစ်တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ခဲ့တယ်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အဝိဇ္ဇာန်

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် မွန်မြတ်သော လုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေး ကာကွယ်စောင့်ရှောက်ကြပါစို့"

ရဲဘော်တို့ဟာ တပ်မတော်ရဲ့အစဉ်အလာ(၁၂)ရပ်ကို သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်ကြရမယ်

ဆေးအကာအကွယ်ပေးရေးတာဝန်ကို ထမ်းဆောင်တဲ့နည်းတူ စစ်မြေပြင်မှာ တပ်စုတစ်စုကို ဦးဆောင်တိုက်ပွဲဝင်နိုင်ရမယ်

တပ်ခွဲများ စစ်ဆေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် သင်တန်းတပ်ခွဲများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)မှ စာပေထူးချွန်ဆုရရှိသူ သင်တန်းသား စောပြည့်ဖြိုးဆွေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

တပ်မတော်ရဲ့သမိုင်းမှာ ယခုပြောခဲ့တဲ့ တပ်မတော်ရဲ့အစဉ်အလာ (၁၂)ရပ်ဟာ ပေါ်လွင်စွာ ပါဝင်လျက်ရှိတယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို သက်စွန့်ကြိုးပမ်း ကာကွယ်စောင့်ရှောက်ကြရမယ်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ သမိုင်းကိုပြန်ကြည့်ရင်လဲ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်တဲ့ ဆရာဝန်တွေနဲ့ သူနာပြုတွေဟာ ဘာအခွင့်အရေးမှမရတဲ့ကြားက သက်စွန့်ကြိုးပမ်း ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ကြတာ တွေ့ရလိမ့်မယ်။ တပ်မတော်သမိုင်းမှာ ခြေလျင်တပ်ဖွဲ့ဝင်တွေနဲ့ လက်တွဲပြီး စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့လို့ စွမ်းရည်ဘွဲ့တံဆိပ်ရရှိခဲ့တဲ့ ဆေးတပ်ဖွဲ့ဝင်တွေရှိခဲ့တယ်။ ထို့အတူပဲ ခြေလျင်တပ်မဟာမှူးတာဝန်ကိုပင် ထမ်းဆောင်နိုင်ခဲ့တဲ့ တပ်မတော်သားဆရာဝန်လဲ ရှိခဲ့တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဆေးအကာအကွယ်ပေးရေးတာဝန်ကို ထမ်းဆောင်တဲ့နည်းတူ စစ်မြေပြင်မှာ တပ်စုတစ်စုကို ဦးဆောင်ပြီး တိုက်ပွဲဝင်နိုင်ရမယ်။ ထို့အတူပဲ ခြေလျင်တပ်ခွဲမှူးအဆင့်၊ ခြေလျင်တပ်ရင်းမှူးအဆင့် တိုက်ပွဲဝင်တာဝန်တွေကို တစ်ဆင့်ပြီးတစ်ဆင့် ထမ်းဆောင်နိုင်အောင် လိုအပ်တဲ့သင်တန်းတွေကိုလဲ အဆင့်လိုက် တက်ရောက်ကြရမှာဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ရဲဘော်တို့ဟာ **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်**ဆိုတဲ့ဆောင်ပုဒ်အတိုင်း တပ်မတော်သားတွေနဲ့ မိသားစုတွေရဲ့ ကျန်းမာကြံ့ခိုင်ရေးကို တာဝန်ယူကြရမယ်။ ဒါ့အပြင် တာဝန်ကျရာဒေသမှာ တွေ့ကြရမယ့် မိဘပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အကျိုးပြုဆောင်ရွက်ကြရမယ်။ ကျန်းမာရေးအတွက် အသိပညာပေးခြင်းနဲ့ ကြိုတင်ကာကွယ်ခြင်းတို့ဟာ ရှေးဦးလိုအပ်ချက်တွေဖြစ်တယ်။ ကျန်းမာကြံ့ခိုင်ဖို့အတွက် နေထိုင်စားသောက်မှုပုံစံကို အခြေအနေနဲ့ လျော်ညီစွာ ပြုပြင်ပေးရမယ်။

ရဲဘော်တို့ဟာ အနောက်တိုင်းဆေးပညာကိုသာမက တိုင်းရင်းဆေးပညာကိုလဲ အလေးထားပြီး လေ့လာလိုက်စားကြဖို့ ပြောကြားလိုတယ်။

ဒို့မြန်မာတိုင်းရင်းဆေးပညာဟာ အစွမ်းထက်မြက်တာကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေးပညာဦးစီးဌာနကိုဖွင့်လှစ်ပြီး တိုင်းရင်းဆေးပညာအဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိတယ်။ တိုင်းရင်းဆေးပြပွဲနဲ့ သုတေသနစာတမ်းဖတ်ပွဲတွေကို နှစ်စဉ်ကျင်းပပေးခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်တည်ထောင်ပေးခြင်းတို့ကြောင့် တိုင်းရင်းဆေးလောကဟာ ရှင်သန်တိုးတက်လျက်ရှိနေပြီဖြစ်တယ်။ ကျေးလက်လူထုတွေဟာ တိုင်းရင်းဆေးဝါးတွေကိုသာ အစဉ်တစိုက် သုံးစွဲကြတာကြောင့် ကျေးလက်မှာ တိုင်းရင်းဆေးရဲ့ အာနိသင်ဟာ ပိုမိုထိရောက်လျက်ရှိတယ်။ **နွယ်မြက်သစ်ပင်မှန်သမျှ ဆေးဖက်ဝင်**တဲ့ ဒို့မြန်မာ တိုင်းရင်းဆေးဟာ အစွမ်းထက်မြက်ရုံသာမက တောအနှံ့တောင်အနှံ့ နေရာဒေသမရွေး ရရှိနိုင်တာကြောင့် တိုင်းရင်းဆေးပညာကို ထိထိရောက်ရောက်နားလည်ကျွမ်းကျင်အောင်လေ့လာပြီး အသုံးချကြဖို့လိုအပ်တယ်။

တပ်မတော်ရဲ့ ဆေးဘက်တာဝန်နဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတာဝန်တွေကို ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ အဆင့်မြင့်ပညာရပ်တွေကို ဆက်လက်သင်ယူကြရမှာဖြစ်တဲ့အတွက် အရည်အချင်းမြင့်မားတဲ့ လူသားအရင်းအမြစ်တွေဖြစ်အောင် ကြိုးစားအားထုတ်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

တပ်မတော်ဟာ နိုင်ငံရဲ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ရတဲ့အချိန်က နိုင်ငံတော်မှာ မင်းမဲ့စရိုက်တွေဖြစ်ပေါ်နေပြီး အဘက်ဘက်က အင်အားချည့်နဲ့လျက်ရှိတယ်။ မိဘပြည်သူတွေရဲ့ဆန္ဒအရ ခိုင်မာတဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုဟာ မူလအရင်းခံလိုအပ်ချက်ဖြစ်တယ်။ ထို့အတူပဲ နိုင်ငံသားတွေဟာ ဓနအင်အားပြည့်စုံပြီး ပညာရည်မြင့်မားလာဖို့လဲလိုတယ်။ ဒါကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစွာဆောင်ရွက်ခဲ့တယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို မြှင့်တင်နိုင်ဖို့အတွက် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော်ခဲ့တယ်။

ရဲဘော်တို့-

နိုင်ငံတော်ကို **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်**အဖြစ် တည်ဆောက်ရာမှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးစီးပြီး ရှေးဦးစွာ စတင်ဆောင်ရွက်ခဲ့တယ်။ ထို့အတူပဲ နိုင်ငံတစ်ဝန်းလုံးမှာ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုကို သတ်မှတ်ပြီး ဒေသရဲ့စီးပွားရေးဖွံ့ဖြိုးစေဖို့နဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးနဲ့ ပညာရည်မြင့်မားစေဖို့ ဆောင်ရွက်ခဲ့တယ်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻**

အခြေခံအဆောက်အအုံတည်ဆောက်မှုတွင် တရုတ်နိုင်ငံ ပိုမိုရင်းနှီးမြှုပ်နှံမည်

ပေကျင်း ဇန်နဝါရီ ၅

တရုတ်နိုင်ငံ၏ ဒသမအကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလတွင် အခြေခံအဆောက်အအုံ ဆောက်လုပ်မှုအတွက် ယွမ်ငွေ ၂၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၁၆ ဘီလီယံ)အထိ ရင်းနှီးမြှုပ်နှံမည်ဟု မျှော်မှန်းထားကြောင်း တရုတ်နိုင်ငံ စည်ပင်သာယာရေးဖွံ့ဖြိုးရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မရှင်က ပြောကြားသည်။

နဝမအကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလကထက် ယခုစီမံကိန်းကာလတွင် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ၆၀ ရာခိုင်နှုန်းခန့် ပိုမိုများပြားသည်။

ယမန်နှစ်ငါးနှစ်တာကာလအတွင်း၌ စုစုပေါင်း ၁၁၄ကီလိုမီတာရှိ ရထားလမ်းနှစ်လမ်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

လောလောဆယ်တွင်ရထားလမ်းအရှည်စုစုပေါင်း ၁၁၅ ကီလိုမီတာရှိ ရထားလမ်းငါးလမ်းကို တည်ဆောက်ပေးခဲ့ပြီး နှစ်နှစ်မှ သုံးနှစ်အတွင်း ထိုရထားလမ်းများကို ဖွင့်လှစ်နိုင်မည်ဟု မျှော်မှန်းထားသည်။ ပေကျင်းမြို့လယ်နှင့်မြို့စွန်ရှိ မြို့သစ်ရှစ်မြို့နှင့် ဆက်သွယ်ထားသော မြို့ပတ်လမ်းများကိုလည်း ဖောက်လုပ်ပေးခဲ့ပြီး ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ပေကျင်းမြို့တွင် လွန်ခဲ့သော ငါးနှစ်အတွင်း ဖောက်လုပ်ခဲ့သော ကားလမ်းအရှည်သည် ကီလိုမီတာ ၁၁၀၀ ရှိပြီး အဆိုပါမြို့တွင် စုစုပေါင်း ကားလမ်းအရှည် ကီလိုမီတာ ၁၄၇၀၀ ရှိကြောင်း ပေကျင်း စည်ပင်သာယာပို့ဆောင်ရေးဗျူရိုက ပြောကြားခဲ့သည်။

သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ တည်ဆောက်ခြင်းနှင့် လျှပ်စစ်ပေးဝေရေး စက်ရုံများကိုလည်း ပေကျင်း၌ ဆောက်လုပ်ပြီးဖြစ်သည်။

၂၀၀၄ခုနှစ်တွင် တရုတ်နိုင်ငံ၏ စုစုပေါင်း စွမ်းအင်သုံးစွဲမှုသည် သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်သုံးစွဲမှု ၅၄ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြောက်ပိုင်း ဘာကူဘာဒေသရှိ ရွာတစ်ရွာကို ဝိုင်းရံထားသော အပေါင်း ပါတပ်ဖွဲ့မှ တင့်ကားတစ်စီးကို ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယခုနှစ်ပထမလေးလပတ်ကာလအတွင်း ဆန်တန်ချိန် ခြောက်သိန်း ဗီယက်နမ်တင်ပို့မည်

ဟနွိုင်း ဇန်နဝါရီ ၅

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမလေးလပတ်အတွင်း ဆန်တန်ချိန် ၆၀၀၀၀၀ တင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ အဓိကအားဖြင့် ဖိလစ်ပိုင်၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့သို့ ဆန်တင်ပို့မည်ဖြစ်ကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ဆန်တန်ချိန် ၃၄၂၅၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။

စာချုပ်ချုပ်ဆို

အင်ဒိုနီးရှားနိုင်ငံက ယခုနှစ် ပထမ လေးလပတ်တွင် ဗီယက်နမ် ဆန်တန်ချိန် ၁၀၀၀၀၀ ခန့်ကို တင်သွင်းရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်ဟု အဆိုပါဌာနက ပြောကြားသည်။

ခန့်မှန်း

၂၀၀၆ ခုနှစ်တွင်အာရှ ဈေးကွက်၌ ဆန်ဈေးနှုန်း မြင့်မားနေမည်ဖြစ်ကြောင်း ထိုဌာနက ခန့်မှန်းထားသည်။ ဆန်ဈေးနှုန်းတက်ရခြင်းသည် အာရှနိုင်ငံကြီးအချို့တို့တွင် လူဦးရေများပြားလာပြီး ဆန်အထွက်နှုန်းကျဆင်းလာသောကြောင့်ဖြစ်သည်ဟုဆိုသည်။

လျာထား

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ဆန်စပါးတန်ချိန် ၃၈ သန်းမှ ၃၉ သန်းထွက်ရှိပြီး တန်ချိန် ၄ သန်းမှ ၄ ဒသမ ၁ သန်းကို ပြည်ပသို့ တင်ပို့ရောင်းချရန် လျာထားကြောင်း အဆိုပါဌာနကဆိုသည်။

တိုးတက်

၂၀၀၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၅ ဒသမ ၂ သန်းတင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့် ရရှိခဲ့သည်။

၂၀၀၄ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် ၂၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၄၇ ဒသမ ၃ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယခုနှစ်တွင် စင်ကာပူစီးပွားရေး ဆက်လက်တိုးတက်ရန် ခန့်မှန်း

စင်ကာပူ ဇန်နဝါရီ ၅

စင်ကာပူစီးပွားရေးအခြေအနေသည် ၂၀၀၆ ခုနှစ်တွင် တိုးတက်မည်ဖြစ်ကြောင်း၊ စင်ကာပူစီးပွားရေး တိုးတက်မှုနှုန်းသည် ယခုနှစ်တွင် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထိ ရှိမည်ဟု ခန့်မှန်းထားကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ၎င်း၏နှစ်သစ်ကူး သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဓာတုပစ္စည်းများ၊ ဇီဝဆေးဝါးသိပ္ပံပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရာတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်လာရန် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို စင်ကာပူနိုင်ငံက အားပေးလျက်ရှိကြောင်း၊ထို့အတူ ဝန်ဆောင်မှုလုပ်ငန်းသစ်များတွင်လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း လီကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ဘဂ္ဂဒက်တွင်ယာဉ်မတော်တဆမှုဖြစ်ပွား အမေရိကန်ကန်ထရိုက်လေးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်နိုင်ငံဘဂ္ဂဒက်အနောက်ပိုင်းဒေသတွင် လမ်းမတော်တဆမှုဖြစ်ပွားသဖြင့် အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်လေးဦး တနင်္ဂနွေနေ့တွင် သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်က တနင်္လာနေ့တွင်ပြောကြားသည်။

၎င်းတို့ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ယာဉ်သည် အန်ဘာပြည်နယ်ရှိ အယ်လ်-အာဘတ်အမည်ရှိ အမေရိကန် လေတပ်အခြေစိုက်စခန်းတွင် ခုနစ်တန်ထရပ်ယာဉ်နှင့် တိုက်မိခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင်ဖော်ပြထားသည်။

ယင်းဖြစ်ရပ်ကြောင့် အရပ်သား ၁၈ဦးနှင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာ ရရှိသွားခဲ့သည်ဟု ဆိုသည်။

ဒဏ်ရာရရှိခဲ့သည့် အရပ်သားရှစ်ဦးသည် ဆေးရုံတွင် ကုသမှုခံယူရမည့် အခြေအနေရှိပြီး ၎င်းတို့အနက် ရှစ်ဦးကို ဘဂ္ဂဒက်ရှိဆေးရုံများသို့ရွှေ့ပြောင်းတင်ထားပြီး တစ်ဦးကိုမူ စစ်ဆေးရုံသို့ တင်ပို့လိုက်ရသည်ဟု ကြေညာချက်အရသိရှိရသည်။ ယာဉ်တိုက်မှုဇစ်မြစ်ကို စုံစမ်းစစ်ဆေးနေသည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှား ဂျာဗားပြည်နယ်တွင် မိုးသည်းထန် ရေလွှမ်းမိုး၊ မြေပြိုမှုကြောင့် ၂၆ ဦး သေဆုံး

ဂျကာတာ ဇန်နဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် အရှေ့ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၂၆ ဦး သေဆုံးပြီး အိမ်ရာပေါင်းများစွာ ပျက်စီးခဲ့သည်ဟု ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။

ဂျကာတာမြို့အရှေ့ဘက် ကီလိုမီတာ ၈၀၀အကွာရှိ ဂျမ်ဘာမြို့အနီးကမီရီရွာ၌ ဇန်နဝါရီ ၁ရက်တွင် ရေလွှမ်းမိုးသည့် ဘေးဒုက္ခကို အကြီးအကျယ်ခံခဲ့ရသည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် သေဆုံးသူ ၂၆ဦးရှိသော်လည်း ကိုးဦး၏ ရုပ်အလောင်းကိုသာ ရှာဖွေတွေ့ရှိရကြောင်း ဂျမ်ဘာမြို့ ရဲအရာရှိ တီဒူတီဂျိုက တယ်လီဖုန်းဖြင့်ပြောကြားသည်။

လူနှစ်ဦးမှာယခုအချိန်ထိပျောက်ဆုံးနေကြောင်း ၎င်းက ပြောဆိုခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် တရားမဝင် သစ်ထုတ်လုပ်မှုကြောင့် မြေပြိုမှုအများဆုံးဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

သက်တမ်းလွန်ပစ္စည်းများကို ယူဂန္ဒာနိုင်ငံတွင်မီးရှို့ဖျက်ဆီး

ကမ်ပါလာ ဇန်နဝါရီ ၅

ယူဂန္ဒာအမျိုးသားစံချိန်စံညွှန်းဌာန (ယူအင်ဘီအက်စ်)က အမေရိကန်ဒေါ်လာ ၁၁၁၀၀၀ ခန့် တန်ဖိုးရှိ သက်တမ်းလွန်ပစ္စည်းနှင့် အတုပြုလုပ်ထားသည့် ပစ္စည်းများကို ကမ်ပါလာမြို့ရှိ ဌာနချုပ်အဆောက်အအုံတွင် မီးရှို့ဖျက်ဆီးပစ်ကြောင်းဒေသခံသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

မိမိတို့သည် လွန်ခဲ့သည့်နှစ်အတွင်း ဖမ်းမိခဲ့သမျှ အတုအပပစ္စည်းများ၊ အဆင့်မမီသည့်ပစ္စည်းများနှင့်သက်တမ်းလွန် ပစ္စည်းများကို မီးရှို့ဖျက်ဆီးလိုက်သည်ဟု ယူအင်ဘီအက်စ်၏ အကြီးအကဲဖြစ်သူ ဂျက်ဆင်မူဘန်ဂူဇိက စနေနေ့တွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ ရေလွှမ်းမိုးမှုဖြစ်ပွားရာ ဒုက္ခသည်များအတွက် ဆေးဝါးနှင့် အစားအသောက်များအား ရဟတ်ယာဉ်ဖြင့် ချပေးနေသည်ကို ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယခုရက်ပိုင်းအတွင်း တောင်အာဖရိကတွင် ငှက်ဖျားအဖြစ်များ ရောဂါဖြစ်ပွားသူ ၅၃ ဦး ဆေးရုံတင် ကုသထားရဟုဆို

ဂျိုဟန်နက်စဘတ် ဇန်နဝါရီ ၅

တောင်အာဖရိကနိုင်ငံ လင်ပိုပိုပြည်နယ်တွင် နှစ်သစ်ကူးပွဲတော်ကာလအတွင်း ငှက်ဖျားရောဂါ ဖြစ်ပွားသူပေါင်း ၅၃ ဦးတို့ကို ဆေးရုံတင်ကုသပေးခဲ့ရကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့က ပြောကြားသည်။

ဆေးရုံတင်ရသူ ငှက်ဖျားရောဂါဝေဒနာရှင် ၅၃ဦးအနက် ၁၇ ဦး၏ အခြေအနေမှာ စိုးရိမ်ရသည့်အတွက် သိုဟိုရန်ဒိုအရပ်ရှိ ဒေါ်နယ်ဖရေဇာ ဆေးရုံတွင် ဆက်လက်ကုသနေရကြောင်း ဖူတီဆီလိုဘာက ပြောကြားသည်။

ငှက်ဖျားရောဂါလက္ခဏာများ ဖြစ်ပွားနေသည်ဟု သံသယဖြစ်ရသော လူနာများကို နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ လာရောက်ပြသကြရန်လည်း မိမိတို့က နှိုးဆော်ထားသည်ဟု ဆီလိုဘာကပြောကြားသည်။ ရောဂါဖြစ်ပွားလျက်ရှိသော အရပ်များမှာ သိုဟိုရန်ဒိုအရပ် ဝန်းကျင်ရှိ မာကူယာ၊ မာစီစီနှင့် တရှိပီစီဒေသတို့ဖြစ်သည်။

ရေတစ်စက်တစ်စက်ကျနေသော ရေဘုံဘိုင်ခေါင်းများ၊ ပေါက်နေသော ရေပိုက်များကို ပြုပြင်ရန်၊ ရေပုပ်ရေသိုးများ ရှိနေသောနေရာများကို ဖို့ပစ်ရန်၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ရန် မိမိက နှိုးဆော်ထားကြောင်း ဆီလိုဘာက ဆက်လက်ပြောကြားသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ခြင်များပေါက်ပွားနိုင်သည့်အခွင့်အလမ်းနည်းပါးသွားစေမည်ဖြစ်သည်။

ငှက်ဖျားရောဂါသည် လူသေစေသည်အထိ နှိပ်စက်တတ်သော ရောဂါမျိုးဖြစ်ပြီး အပူပိုင်းဒေသနှင့်သမမွေးပိုင်းဒေသများတွင် ဖြစ်ပွားသောရောဂါ ဖြစ်သည်။ ထိုရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သောခြင် အကိုက်ခံရသောကြောင့် ကူးစက်ဖြစ်ပွားသောရောဂါဖြစ်သည်။

ယင်းရောဂါသည် အာဖရိကတိုက်ဒေသတွင် ကူးစက်ဖြစ်ပွားမှုများပြားပြီး တစ်နှစ်တစ်နှစ်လျှင် အာဖရိကဒေသတွင် လူတစ်သန်းကျော်ခန့် ငှက်ဖျားရောဂါကြောင့် အသက်ဆုံးရှုံးကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



❐ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများကို စစ်ဆေးသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးအား တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် သင်တန်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။
(ဝဲပုံနှင့်အောက်ပုံ) (သတင်းစဉ်)

ယင်းနောက် သင်တန်းတပ်ခွဲများက ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)မှ အကောင်းဆုံးသင်တန်းသားဆုနှင့် လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၄၅၇) သင်တန်းသား ခွန်အောင်ဇော်ဝင်းနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသား အမှတ်(၄၅၂) သင်တန်းသား စောပြည့်ဖြိုးဆွေတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားနှစ်ဦးနှင့် ယင်းတို့၏ မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ (သတင်းစဉ်)

တွေ့ဆုံအားပေးစကားပြောကြား

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ သင်တန်းသားနှစ်ဦးနှင့် မိဘများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



တက်ရောက်ကြသူများ

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၅ရက် ညနေ၆နာရီက ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းအတွက် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၈၄၃ သိန်းကို ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်က လက်ခံရယူသည်။ (သတင်းစဉ်)

* စာမျက်နှာ ၃ မှ

ထို့အတူပဲ ဒို့နိုင်ငံရဲ့ ခုနစ်ဆယ်ရာခိုင်နှုန်းသော နိုင်ငံသားတွေနေထိုင်တဲ့ ကျေးလက်ဒေသတွေဖွံ့ဖြိုးမှ ဒို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးမှာဖြစ်တဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပြီး ဖွံ့ဖြိုးမှု ကွက်လပ်မကျန်ရအောင် ဆောင်ရွက်လျက်ရှိတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံတွေကို နေရာတိုင်း၊ ဒေသတိုင်းမှာ အစုအဖွဲ့လိုက် တည်ဆောက်ပေးခဲ့တယ်။

ဒါကြောင့်လဲ တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှုတန်ဖိုးနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေဟာ တစ်နှစ်ထက်တစ်နှစ် မျှော်မှန်းလျာထားချက်ထက် သာလွန်တိုးတက်ခဲ့တယ်။ လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေဟာလဲ ဒို့တာဝန်မယူမီ အချိန်ကထက် အဆပေါင်းများစွာ မြင့်မားလာတယ်။ နိုင်ငံသားတွေရဲ့ ပညာရေးနဲ့ ကျန်းမာရေးအဆင့်အတန်းတွေဟာ သိသိသာသာ တိုးတက်လာခဲ့ပြီဖြစ်တယ်။ တပ်မတော်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ ကောင်းမွန်တဲ့ အနာဂတ်အတွက် စနစ်တကျ ဆောင်ရွက်နေတာဖြစ်တယ်။ ယခုဆိုရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်တယ်။

ယနေ့ဆိုရင် တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ပါဝင်တဲ့ ၅၄သန်းကျော်သော ပြည်သူလူထုကြီးရဲ့ကိုယ်စားလှယ်တွေဟာ မြို့နယ်တိုင်း နီးပါးလောက်က လာရောက်ပြီး အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိနေကြတယ်။ အလုပ်သမားကိုယ်စားလှယ်များနဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များလဲ ပါဝင်သလို ကိုယ်ပိုင်မူဝါဒရှိပြီး စိတ်ရင်းမှန်တဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ ရွေးချယ်ခံကိုယ်စားလှယ်များလဲ တက်ရောက်လျက်ရှိကြတယ်။ တိုင်းရင်းသားပြည်သူလူထုဟာ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်အတိုင်း စည်းလုံးညီညွတ်စွာ ဆက်လက်ချီတက်လျက်ရှိကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

နိဂုံးအနေနဲ့ ပြောရရင်–

- **တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို အသက်ပေးပြီး ထိန်းသိမ်းကြပါ။**
- **တပ်မတော်သားကောင်းပီသစွာ ခြေလျင်တိုက်ခိုက်ရေးတာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့သော် စွမ်းရည်ပြသနိုင်အောင် လေ့ကျင့်ပြင်ဆင်ထားကြပါ။**
- **တပ်မတော်ရဲ့ ဆေးဘက်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြတဲ့အပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။**
- **တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်ဝတဲ့ သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနဲ့ ဆေးဘက်ပညာသည်များဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါ**

လို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား ခွန်အောင်ဇော်ဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ သင်တန်းသား ခွန်အောင်ဇော်ဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၆

ဦးခိုင်မင်းထွန်းသည်ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကို(ငြိမ်း)၊ ဦးစိုးအောင်နှင့် ဦးကျော်လင်းတို့နှင့်အတူ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က မြန်မာဂေါက်သီးရိုက်အသင်းတွင် ဂေါက်သီးရိုက်ကစားကြရာ Reygrande No(1) ဘောလုံးကို Ping Iron(7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်ရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာ

ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာလျက်ရှိရာတွင် မုံရွာစက်မှုဇုန် ခေတ်မီသံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံရှိ သံရည်ကျိုအလုပ်ရုံကို တွေ့ရစဉ်။

တပ်မတော်အစိုးရသည်ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍအပိုင်း၌ နည်းပညာ၊ အတတ်ပညာများ တိုးတက်မြင့်မားလာစေရန် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ စက်ပစ္စည်းများ စနစ်တကျ ထုတ်လုပ်တတ်စေရန်နှင့် ထုတ်လုပ်သည့် စက်ပစ္စည်းများ ဈေးကွက်ရှိစေရန် အားပေးကူညီလျက်ရှိသည်။

ယင်းကဲ့သို့ လက်တွဲကူညီခေါ်ယူမှုကြောင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများသည် ယခုအခါ သိသိသာသာဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။ စက်မှုကဏ္ဍ၌ ပုဂ္ဂလိကအပိုင်း၏ ပါဝင်မှု အချိုးအစားကိုကြည့်လျှင် ၂၀၀၂–၂၀၀၃ခုနှစ်၌ ၉၀ရာခိုင်နှုန်း၊ ၂၀၀၃–၂၀၀၄ခုနှစ်၌ ၉၂ရာခိုင်နှုန်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်၌ ၉၃ရာခိုင်နှုန်းကျော် တိုးတက်ပါဝင်လျက်ရှိရာ ပုဂ္ဂလိကစက်မှုကဏ္ဍသည် ကျယ်ပြန့် မြင့်မားစွာ ပါဝင်နေကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရသည်။

ပုဂ္ဂလိကစက်မှုကဏ္ဍတွင် နိုင်ငံတော်၏ ပံ့ပိုးမှုကိုရယူ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအားလုံး ကြိုးပမ်း အားထုတ်မှုတို့ကြောင့် ခေတ်မီသံနှင့်သံထည်ပစ္စည်း ကိုင်တွယ်မှုနှင့် ပုံထောင်းပုံဖိလုပ်ငန်းများကို မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီးအေးသာယာ စက်မှုဇုန်များ၌ ထူထောင်ထားပြီးဖြစ်၍ ယခုအခါ အဆင့်မြင့် စက်ပစ္စည်းအစိတ်အပိုင်းများကို ပိုမိုထုတ်လုပ်လာနိုင်ပြီဖြစ်သည်။

သာဓကအားဖြင့် မန္တလေး စက်မှုဇုန်တွင် ပုဂ္ဂလိကများက အပ်နှံထားသော စက်ပစ္စည်း ၉၇ မျိုးအနက် စက်ပစ္စည်း ၄၇မျိုး၊ ပစ္စည်းအရေအတွက် ၆၀၀၀ ခန့် ထုတ်လုပ်ပေးပြီးဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းအတွက် ယခင်က ပြည်ပမှ မှာယူတင်သွင်းနေရသော စက်အရန်ပစ္စည်းများကို ယခုအခါ ပြည်တွင်း၌ပင် တိုးချဲ့ထုတ်လုပ်နိုင်ပြီဖြစ်၍ ကုန်ကျစရိတ် သက်သာသည့်အပြင် နိုင်ငံခြားငွေကုန်ကျမှုလည်း လျော့နည်းလာလျက်ရှိသည်။

တပ်မတော်အစိုးရ လက်ထက်တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မြှင့်တင်အားပေးနိုင်မှုကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ မြင့်မားလာပေရာ ပုဂ္ဂလိက ကဏ္ဍ၏ စက်မှုလုပ်ငန်းများ မြင့်မားတိုးတက်လာမှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

တိုးတက်မြင့်မားလာသော ပုဂ္ဂလိကစက်မှုကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ပုဂ္ဂလိကစက်ရုံများ	၂၆၈၇၂	၄၂၇၀၇	၁၅၈၃၅
၂	ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ	၃၁၂၀၀	၄၀၀၀၀	၈၈၀၀
၃	စက်မှုဇုန်ရှိလုပ်ငန်းများ	–	၈၄၆၃	၈၄၆၃
၄	အိမ်တွင်းစက်မှုလုပ်ငန်းများ	–	၈၅၀၀	၈၅၀၀
၅	မြန်မာ့စက်မှုလက်မှုပြပွဲ(အကြိမ်)	–	၅	၅
၆	စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ(အကြိမ်)	–	၂၁	၂၁

သဲအင်းဂူအစိဏ္ဍာန်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် အမှတ်(၆)ဝိုင်း သဲအင်းဂူဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်းတိုက်၌ ဇန်နဝါရီ ၈ရက်မှ ၁၅ ရက်အထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သဲအင်းဂူ ဩဝါဒါစရိယ ကမ္မဋ္ဌာနာစရိယ၊ ကျိုက်ဝိုင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒ အရှင်သူမြတ်နှင့် (၆)ဝိုင်း ဆရာတော် ဘဒ္ဒန္တစိန္တာမယတို့က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဇန်နဝါရီ ၇ ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

စွမ်းရည်ပြသ

ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Siltaကျောင်းမှ Pre-school Talent Show ကို ဒီဇင်ဘာ ၂၈ရက်က ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနခန်းမတွင် ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေး များ စွမ်းရည်ပြသဖျော်ဖြေကြစဉ်။ (ကြေးမုံ)

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၆ရက်နေ့မြန်မာစံတော်ချိန် ၁၀နာရီ ၅၆မိနစ်၅၃စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၂၈၀ခန့် ကွာဝေးသော ကပ္ပလီကျွန်းစုအနီးရှိ ပင်လယ်ပြင်(အိန္ဒိယဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

* ကျောဖုံးမှ

ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော် ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖျော်ဖြေ

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အနုပညာရှင်များက အဆိုအကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူ တကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁:၂၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်နွေးနွေး" (အပိုင်း-၂၀)**
၁:၅၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၂၀ ၈။ အဆိုပြိုင်ပွဲ
၂:၃၀ ၉။ **"မမြင်ကွယ်ရာ" (မောင်မောင်မြင့်၊ စိန်ပွင့်ထက်ထော်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
၂:၃၅ ၁၀။ အိန္ဒိယစက်ခေါင်းနှင့် လူစီးတွဲများစတင်အသုံးပြုမည့် ရန်ကုန်-ပျဉ်းမနားခရီးစဉ်
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ အကပြိုင်ပွဲ
၅:၂၀ ၇။ မြန်မာစာ၊မြန်မာစကား
၅:၃၀ ၈။ တေးဂီတအစီအစဉ်
၅:၄၀ ၉။ အတီးပြိုင်ပွဲ
၅:၅၀ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၇:၀၅ ၁၄။ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ပြခန်းအကြောင်းသိကောင်းစရာ
၇:၂၀ ၁၅။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ (အပိုင်း-၃)
၇:၃၅ ၁၆။ အချုပ်အခြာအာဏာ အစွန်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု "စက်မှုအားနှင့် အညီ ရွှေနိုင်ငံသစ်တည်"
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၁၁)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ငါးကျွမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ ကျောင်းဆောင်ရေစက်ချပွဲနှင့် နှစ်ဦးတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (၁၆/၃) ရပ်ကွက် ငါးကျွမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာအတွင်း၌ အောင်မြင်စွာ ဆောက်လုပ်ပြီးစီးသော ပညာပါရမီ သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအခမ်းအနားပွဲကို (၁၃၆၇ ခုနှစ်၊ပြာသိုလဆန်း ၁၀ ရက်) ဇန်နဝါရီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင်ကျင်းပမည်ဖြစ်၍ ရေစက်ချ အနုမောဒနာတရား ကြွရောက်နာကြားကြရန် ဖိတ်ကြားထားသည်။

ဤသာသနာ့ရိပ်သာ၌ပင် ခုနစ်ရက်တရားစခန်းပွဲကို ပဓာနနာယကဆရာတော်ဒေါက်တာအရှင်ဓမ္မပိယသာသနဓဇ ဓမ္မာစရိယ Ph.D (U.S.A) က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း ဇန်နဝါရီ ၁၄ ရက်မှ ၂၁ ရက်အထိ ဟောကြားပြသပေးမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း-၅၇၁၃၁၂၊ ၅၆၂၄၄၁ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

အမှတ်(၁၉)အခြေခံပညာမူလတန်းကျောင်း လှိုင်မြို့နယ် ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ သူငယ်တန်းတွင် ဘက်စုံပညာထူးချွန်ဆုရ မအိန္ဒြာမှူးခင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်ဖြူဖြူဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

စာပေဒါနလှူဒါန်းပွဲ

ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံအဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာပေဒါန လှူဒါန်းပွဲကို ၇-၁-၂၀၀၆ ရက်နေ့နံနက် ၀၉:၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

စာအုပ်နှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းလိုသော စေတနာရှင် အလှူရှင်ပုဂ္ဂိုလ်များသည် အောက်ပါလိပ်စာအတိုင်း ကြိုတင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၄၅၆၁၅၊ ၃၇၁၃၃၉၊ ၃၇၁၃၄၁၊ ၂၅၄၂၇၀

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **မိုးကုတ်ဆရာတော်ကြီး တရားတော် -သာသနာတွင်းတရားနှင့် သာသနာပတရားကွာခြားပုံ**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ရေသူမလေး (အပိုင်း-၁)**
၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၉ ၈။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၅၅)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင်သိုင်းလုလင်" (အပိုင်း-၈)**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၃)

စိုး

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အ
ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကို
ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အဆိုပါအခြေခံမူများနှင့် အသေး
မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်
ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သ
သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စ
ဖြစ်ပါသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ယနေ့မြန်မာနိုင်ငံ၌ မရှိမဖြစ်လိုအပ်ချက်တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းလာရေးပင်ဖြစ်သည်။ သို့ဖြစ်၍ အမျိုးသားညီလာခံကြီးကို ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးအတည်ပြုချမှတ်ပေးလျက်ရှိနေပါသည်။

အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် အခြေခံမူများတွင် နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများလည်း ပါဝင်ပါသည်။ နိုင်ငံတော်၏ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများမှာ–

"နိုင်ငံတော်သည်–
(၁) ပြည်ထောင်စုမပြိုကွဲရေး၊
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
(၃) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(၄) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊
(၆) နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"

ဟူ၍ဖြစ်ပါသည်။

အဆိုပါဦးတည်ချက်(၆)ရပ်တွင် ပါဝင်နေသည့် **"နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်နိုင်ရေး"** ဟူသောအချက်ကို ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အုပ်စုများက ဆန့်ကျင်ကန့်ကွက်ဝေဖန်လျက်ရှိကြောင်း ကြားသိရပါသည်။ ၎င်းတို့က နိုင်ငံရေးတွင် တပ်မတော်က ပါဝင်ခြင်းသည် ဒီမိုကရေစီနည်းလမ်းမကျကြောင်း ယေဘုယျသဘောကို ကိုင်စွဲကာ စွပ်စွဲပုတ်ခတ်နေကြပါသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ သမိုင်းကြောင်းအခြေခံ အချက်အလက်များ၊ နိုင်ငံတော်၏လက်ရှိပကတိအနေအထား၊ ကမ္ဘာ့နိုင်ငံအချို့၏ လက်တွေ့ကျင့်သုံးနေမှုများနှင့်ဆက်စပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ သိရှိနိုင်ကြရန်အတွက် မေးမြန်းဆွေးနွေးလေ့လာသိရှိရသမျှ ပြန်လည်တင်ပြလိုက်ရပါသည်။

စိုးမြကျော် – နိုင်ငံတော်ရဲ့ ဦးတည်ချက်(၆)ရပ်ထဲက အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုတဲ့အချက်ကို တချို့က ဆန့်ကျင်ကန့်ကွက်နေကြတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

ကြီးကြီးမြ – ဒိုးဒိုးဒေါက်ဒေါက်နဲ့ လိုရင်းတိုရှင်းပြောရရင်တော့ မြန်မာနိုင်ငံမှာ အရေးကြုံတိုင်း ပြည်သူဘက်က မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးနေတဲ့ တပ်မတော်ကို ပထုတ်ပြီး နယ်ချဲ့လက်သစ်နဲ့ သူတို့ရဲ့လက်ဝေခံတွေ ကြိုက်သလို ခြယ်လှယ်ကြိုးကိုင်နိုင်ဖို့ အကွက်ချ ဖန်တီးနေကြတာလို့ပဲ ပြောလိုက်ချင်ပါတယ်။

ဘကြီးစိုး – အဓိက အကြောင်းရင်းကတော့ အဲဒီအတိုင်းပါပဲ။ အကြောင်းတရားများပေါင်းဆုံမှ အကျိုးတရား ဖြစ်ထွန်းလာတယ်ဆိုတဲ့ နိယာမအတိုင်း တပ်မတော်က အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ ဘာဖြစ်လို့ ပါဝင်ထမ်းဆောင်ဖို့ လိုအပ်လာသလဲဆိုတာကို ဘကြီးတို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြည့်ကြရအောင်။

စိုးမြကျော် – ဟုတ်ကဲ့ပါ ဘကြီး၊ **သူ့ကျွန်ဘဝမှ လွတ်မြောက်ရေး ဆိုတဲ့ အမျိုးသားနိုင်ငံရေး ဦးတည်ချက်နဲ့အညီ တပ်မတော်ကို မျိုးချစ်နိုင်ငံရေးသမားတွေနဲ့ စတင်ဖွဲ့စည်းခဲ့တာဖြစ်တယ်။ တပ်မတော်သားတွေဟာ အမျိုးသား နိုင်ငံရေးသမားဘဝကနေ တပ်မတော်သားဘဝကို ပြောင်းလဲခံယူလာတဲ့သူတွေဖြစ်တာမို့ တပ်မတော်ဟာ အမျိုးသားနိုင်ငံရေးက ပေါက်ဖွားလာတဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်ဆိုတာ သမိုင်းမှာ သက်သေထင်ရှားရှိထားပြီးဖြစ်ပါတယ်။**

ကြီးကြီးမြ – "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်အင်အားရှိအောင် အရာရာမှာကူညီ" ဆိုတဲ့ ကြွေးကြော်သံတွေနဲ့ ပြည်သူလူထုကပါ တပ်မတော်နဲ့ တစ်သားတည်းရပ်တည်ခဲ့ကြရာမှာ ကြီးကြီးတို့ ကိုယ်တိုင်ကိုယ်တွေ့မျက်မြင်ပါဝင်ခဲ့ရတာမို့ ပြောရင်းနဲ့တောင် ကြက်သီးတဖြန်းဖြန်း ထမိပါရဲ့ကွယ်။

ဘကြီးစိုး – အမျိုးသားနိုင်ငံရေးက ပေါက်ဖွားလာတဲ့တပ်မတော်ကို ပြိုကွဲအောင် အမျိုးမျိုးကြံစည်ပြီး အကြိမ်ကြိမ် လုပ်ဆောင်ခဲ့ကြတယ်။ မြန်မာနိုင်ငံကို ကျွန်သက်ရှည်စေချင်သူတွေ၊ ဩဇာခံ အခြွေအရံနိုင်ငံအဖြစ် သွတ်သွင်းချင်သူတွေ၊ သခင်အားရ ကျွန်ပါးဝလုပ်ချင်သူတွေနဲ့ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားတဲ့ အမျိုးသားသစ္စာဖောက်တွေက ဒို့တပ်မတော်ကြီး အင်အားခိုင်မာတောင့်တင်းပြီး တိုင်းရင်းသားပြည်သူတွေနဲ့ တစ်သွေးတည်း တစ်သားတည်းရှိနေတာကို လုံးဝမလိုလားကြဘူးလေ။

စိုးမြကျော် – မှန်ပါတယ်ဘကြီး၊ ဖက်ဆစ်ခေတ်၊ နယ်ချဲ့ခေတ်နဲ့ ပါလီမန် ဒီမိုကရေစီခေတ်တွေမှာသာမက ယနေ့ထက်တိုင်အောင် တပ်မတော်ကိုဖြိုခွဲဖို့ ကြံစည်ကြိုးပမ်းနေကြတာတွေကို သတိထားပြီး ဖယ်ရှားကြရမှာပဲ ဖြစ်ပါတယ်။

ကြီးကြီးမြ – ပါတီစုံဒီမိုကရေစီခေတ်ကာလ ၁၉၅၈ခုနှစ် နိုင်ငံရေးပါတီတွေ အကွဲအပြဲမှာ ဘယ်သူ့ဘက်မှမလိုက်ဘဲ ပြည်သူဘက်က မားမားမတ်မတ် ရပ်တည်ပေးခဲ့တဲ့ တပ်မတော်ကိုဖျက်သိမ်းပြီး ခါးပိုက်ဆောင်တပ်တွေနဲ့ အစားထိုးဖို့ ကြံစည်ခဲ့ကြသေးတယ်ကွယ့်။

ဘကြီးစိုး – မျက်မှောက်ခေတ်မှာ ဒို့တပ်မတော်က နိုင်ငံတော် အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ဘက်စုံ ကဏ္ဍစုံကနေ အားသွန်ခွန်စိုက် လမ်းခင်းဖော်ဆောင်ပေးနေတာကို ပြည်ပအားကိုး အဆိုးမြင်ဝါဒီတွေက မနာလိုမရှုဆိတ်ဖြစ်ပြီး တပ်မတော်ပြိုကွဲမှ သူတို့အာဏာရမယ်ဆိုတဲ့ အကြံနဲ့ တပ်မတော်အင်အား ချည့်နဲ့အောင်၊ ပြိုကွဲအောင် လုပ်ဆောင်နေကြတုန်းပဲလေ။

စိုးမြကျော် – မြန်မာ့သမိုင်းကို ပြန်ကြည့်တဲ့အခါမှာ တစ်ချိန်က လွတ်လပ်ရေးသည် အဓိကဆိုပြီး အမျိုးသားနိုင်ငံရေးအတွက် သေတူရှင်ဖက် လက်တွဲခဲ့ကြတဲ့ သွေးသောက် ရဲဘော်တွေဟာ ပါတီနိုင်ငံရေးအစွဲတွေဝင်လာတဲ့အခါမှာ အယူဝါဒတွေကွဲပြားပြီး အချင်းချင်း ပြန်လည် တိုက်ခိုက်ကြတဲ့အတွက် သမိုင်းဇာတ်သိမ်းမလှ ဖြစ်ခဲ့ကြတယ်နော်။

ဘကြီးစိုး – **ပါတီစုံဒီမိုကရေစီခေတ်မှာ အစိုးရတစ်ဖွဲ့နဲ့တစ်ဖွဲ့ဟာ အယူဝါဒသဘောတရားတွေ ကွဲပြားကောင်း ကွဲပြားနိုင်တယ်။ တပ်မတော်ကတော့ အယူဝါဒကွဲပြားလို့ မရဘူး။ တပ်မတော်ဟာ ပြည်သူလူထုနဲ့တစ်သားတည်းရှိနေပြီး တက်လာတဲ့ အစိုးရတိုင်းနဲ့လက်တွဲပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တယ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ညီညွတ်မှု စွမ်းပကားအောင်ပွဲတွေကို နိုင်ငံနဲ့လူမျိုးအကျိုးအတွက် အနာဂတ်မှာလည်း ဆက်လက် ဖော်ဆောင်သွားကြရမှာဖြစ်တယ်ကွယ့်။**

စိုးမြကျော် – မှန်ပါတယ်ဘကြီး၊ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်အနေနဲ့ လွတ်လပ်ရေးပြန်ရဖို့ ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရသလို လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ မဆုံးရှုံးရအောင် ထိန်းသိမ်းခဲ့ရာမှာလည်း ပြည်ထောင်စုကြီး ပြိုကွဲ ပျက်စီးရတော့မယ့် အန္တရာယ်ကာလကြီးလေးရပ်နဲ့ တွေ့ကြုံခဲ့ရသေးတယ် မဟုတ်လား။

ဘကြီးစိုး – ဟုတ်တယ်ကွယ့်၊ **ပထမဆုံးကြုံတွေ့ရတဲ့ အကျပ်အတည်းကြီးကတော့ ၁၉၄၈–၄၉မှာ ပေါ်ပေါက်ခဲ့တဲ့ ပြည်တွင်း ရောင်စုံသောင်းကျန်းမှုအန္တရာယ်ပဲပေါ့။**

ကြီးကြီးမြ – **သူ့ကျွန်ဘဝမှာ နယ်ချဲ့ရဲ့ သွေးခွဲမှု ပယောဂကြောင့် ပေါ်ပေါက်လာတဲ့ လူမျိုးရေးအခြေခံသောင်းကျန်းသူတွေနဲ့ နိုင်ငံရေးဝါဒစွဲအခြေခံ သောင်းကျန်းသူတွေကြောင့် လွတ်လပ်ရေးရခါစ နိုင်ငံတော်ဟာ ရန်ကုန်အစိုးရလို့ အခေါ်ခံရတဲ့အထိ ဖရိုဖရဲနဲ့ ပြိုကွဲတော့မယ့် အခြေအနေ ဆိုက်ရောက်ခဲ့ရတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ သစ္စာကို စောင့်သိရှိသေတဲ့ တပ်မတော်က တစ်နိုင်ငံလုံး အေးချမ်းသာယာအောင် စွမ်းဆောင်ခဲ့ရတယ်။**

ပါတီစုံဒီမိုကရေစီခေတ်မှာ အစိုးရတစ်ဖွဲ့နဲ့တစ်ဖွဲ့ဟာ အယူဝါဒသဘောတရားတွေ ကွဲပြားကောင်း ကွဲပြားနိုင်တယ်။ တပ်မတော်ကတော့ အယူဝါဒကွဲပြားလို့မရဘူး။ တပ်မတော်ဟာ ပြည်သူလူထုနဲ့ တစ်သားတည်းရှိနေပြီး တက်လာတဲ့ အစိုးရတိုင်းနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်တယ်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်တို့ရဲ့ ညီညွတ်မှုစွမ်းပကားအောင်ပွဲတွေကို နိုင်ငံနဲ့ လူမျိုးအကျိုးအတွက် အနာဂတ်မှာလည်း ဆက်လက်ဖော်ဆောင်သွားကြရမှာဖြစ်တယ်။

တစ်ဆက်တည်းမှာပဲ တရုတ်ဖြူကူမင်တန်တပ်တွေရဲ့ ပြည်ပကျူးကျော်မှုအန္တရာယ်ကိုပါ တွန်းလှန်ခဲ့ရတယ်။

ဘကြီးစိုး – **ဒုတိယအကျပ်အတည်းကတော့ ၁၉၅၈ခုနှစ်မှာ ကြုံတွေ့ရတဲ့ ပါတီနိုင်ငံရေးသမားတွေရဲ့ အကွဲအပြဲ ဇာတ်လမ်းပဲ ဖြစ်တယ်။ အာဏာရနိုင်ငံရေးပါတီအတွင်းမှာ နိုင်ငံတော်အတွက် အန္တရာယ်ဖြစ်လောက်တဲ့အထိ ပဋိပက္ခတွေ ကြီးမားခဲ့တယ်။ တချို့နိုင်ငံရေးသမားတွေက ခါးပိုက်ဆောင်တပ်တွေကို ခိုးကြောင်ခိုးဝှက်နဲ့ လက်နက် တပ်ဆင်ပြီး ပုန်ကန်ဖို့ ကြံရွယ်ခဲ့ကြတယ်။ တချို့က မြေအောက်သောင်းကျန်းသူတွေနဲ့ပူးပေါင်းဖို့ ကြံစည်ခဲ့တယ်။ ပါတီနိုင်ငံရေး အကွဲအပြဲကြောင့် ပြည်သူတွေကြားမှာလည်း စိတ်ဝမ်းကွဲပြားခဲ့ရတယ်။ တစ်နိုင်ငံလုံး အစိတ်စိတ်အမွှာမွှာ ပြိုကွဲပြီး သွေးချောင်းစီးမယ့် အန္တရာယ်ဆိုးနဲ့ ရင်ဆိုင်ခဲ့ရတာမို့ တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူပြီး နိုင်ငံတော်တည်ငြိမ်ကြံ့ခိုင်အောင် အချိန်တိုအတွင်း ဆောင်ရွက်ပေးခဲ့ရတယ်။**

စိုးမြကျော် – ဒါတွေဟာ သမိုင်းပေးတာဝန်အရ တပ်မတော်က နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ ထိုက်ထိုက်တန်တန် ပါဝင်ထမ်းဆောင်ခဲ့ရတဲ့ သာဓကတွေပဲနော်။

ဘကြီးစိုး – **မှန်တယ်ကွယ့်၊ တတိယအကြိမ် အကျပ်အတည်းကိုတော့ ၁၉၆၂ ခုနှစ်မှာ ကြုံတွေ့ခဲ့ရတာပဲဖြစ်တယ်။ လွတ်လပ်ရေးမရမီ ရေးဆွဲခဲ့ရတဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အားနည်းချက်ကို လူမျိုးရေးအမြင် ကျဉ်းမြောင်းသူတချို့က အခွင့်ကောင်းယူပြီး ခွဲထွက်ဖို့ ကြိုးစားလာကြတယ်။ ပြည်ထောင်စု ပြိုကွဲတော့မယ့် အခြေအနေကို အာဏာရ နိုင်ငံရေးပါတီနဲ့ အစိုးရက မထိန်းနိုင်တော့ဘူး။ ဒါကြောင့် တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပြန်တယ်။**

ကြီးကြီးမြ – **စတုတ္ထအကြိမ် အကျပ်အတည်းကတော့ မောင်ကျော်တို့ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တဲ့ ၁၉၈၈ ခုနှစ် အရေးအခင်းပါပဲ။ မြေပေါ်မြေအောက်၊ လက်ဝဲလက်ယာ၊ ပြည်တွင်း ပြည်ပ ပယောဂမျိုးစုံကြောင့် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းသွားပြီး တိုင်းပြည်ပျက်လုခမန်း ဖြစ်ခဲ့တယ်။ အချုပ်အခြာ အာဏာ လက်လွတ်ဆုံးရှုံးရလု ဆဲဆဲမှာ တပ်မတော်က နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ရယူခဲ့ရပြန်တယ်။**

စိုးမြကျော် – ၁၉၈၈အရေးအခင်းကို မျက်မြင်ကိုယ်တွေ့မို့ တိုင်းပြည် ဖရိုဖရဲ ပြိုကွဲပျက်စီးမယ့်အရေးမျိုးနဲ့ ထပ်မံမကြုံစေလိုတာ အမှန်ပါပဲ။

ဘကြီးစိုး – ဒီကနေ့နိုင်ငံတကာအခြေအနေကိုကြည့်ရင် အင်အားကြီး နိုင်ငံအချို့ဟာ အခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ဖို့ ကြိုးပမ်းနေတာ တွေ့ရလိမ့်မယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ဝင်ရောက် စွက်ဖက်လွှမ်းမိုးခြယ်လှယ်နိုင်ဖို့ အဲဒီနိုင်ငံအတွင်းက တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် မသမာတဲ့ သတင်းဖြန့်ချိရေးနည်းလမ်းတွေနဲ့ လှုံ့ဆော်လေ့ရှိကြတယ်။ နိုင်ငံအတွင်း အချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲစပြုလာပြီဆိုရင် လူကြားကောင်းအောင် အကြောင်း အမျိုးမျိုးပြပြီး စစ်ရေးအရ ဝင်ရောက်ကျူးကျော်တတ်ကြတယ်။ ၂၁ရာစုရဲ့ အဲဒီ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်နိုင်ရေးဟာ ဒို့ပြည်သူနဲ့ ဒို့တပ်မတော်ရဲ့ အနာဂတ် ရည်မှန်းချက်ပဲဖြစ်တယ်။

ကြီးကြီးမြ – နိုင်ငံရေးအရ သွေးကွဲမှုတွေ၊ လူမျိုးရေးအရ စိတ်ဝမ်းကွဲမှုတွေကြောင့် အချင်းချင်းလက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်ပွားခဲ့ရတဲ့ ဒို့နိုင်ငံမှာ အတိတ်သမိုင်းတုန်းကလည်းတပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်တွေ ဝင်ရောက်ထမ်းဆောင်ခဲ့ရသလို လက်ရှိပစ္စုပ္ပန်ကာလအခြေအနေ အရပ်ရပ်ကြောင့်လည်း အမျိုးသားနိုင်ငံရေးတာဝန်တွေကို ဆက်လက် ထမ်းဆောင်နေရတာပဲ ဖြစ်တယ်။

ဘကြီးစိုး – နိုင်ငံတော်ရဲ့နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေမြင့်မားအောင် တပ်မတော်က အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးနေတာ ပေါ်လွင်ထင်ရှားလှပါတယ်။

ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေ
လွှဲပြောင်းပေးတဲ့အခါမှာ နောင်
တည်ငြိမ်အေးချမ်းပြီး အခြေ
နေတဲ့ နိုင်ငံတော်ကို တည့်တည့်မ
သွားနိုင်အောင် မနားတမ်းကြိုး
လက်ကမ်းကြိုဆိုရမယ့်လုပ်ရပ်ပဲ

စိုးမြကျော် – သဘောပေါက်ပါပြီ ဘကြီး။ **အ**
အခြေခံဖြစ်ပြီး တိုင်းပြည်ရဲ့ ရေရှ
တပ်မတော်က ပါတီနိုင်ငံရေးနဲ့သွ
နိုင်ငံရေးနဲ့ ချိတက်နေတာဖြစ်လို့
လိုလားသူတိုင်းက သဘောကျ

ဘကြီးစိုး – ဒါကြောင့်မို့ အနာဂတ်နိုင်ငံ
ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မ
ဟာ ဒို့နိုင်ငံရဲ့သမိုင်းနောက်ခံ၊ လ
အနေတွေနဲ့ ကိုက်ညီမနေဘူးလာ

စိုးမြကျော် – ကိုက်ညီပါတယ်ဘကြီး။ ဒါပေ
သမားတွေကတော့ အနာဂတ်နိုင်
တပ်မတော်သား လွှတ်တော်ကိုယ
ဒီမိုကရေစီနည်းလမ်းမကျဘူးလို့
ဟစ်ပြီး ပြည်သူကို သွေးထိုးနေ

ဘကြီးစိုး – သေသေချာချာဆန်းစစ်ကြည့်ရင်
ဒီမိုကရေစီကျတယ်ဆိုတာကို တွေ
ဒီမိုကရေစီကျတယ်ဆိုတာ ဘကြီ
တို့ သိပြီးသားဖြစ်တဲ့အတိုင်း ပြည်
တင်မြှောက်တဲ့ ကိုယ်စားလှယ်က
ကိုယ် စားလှယ်က ၁၁၀ ပါဝ
အမျိုးသားလွှတ်တော်မှာ ရွေးကေ
လှယ် ၁၆၈ဦးနဲ့ တပ်မတော
ပါဝင်မှာဖြစ်တယ်။ အလားတူပဲ
ပြည်နယ်လွှတ်တော်တွေမှာလည်
ကိုယ်စားလှယ်တွေနဲ့ ၎င်းတို့ရဲ့ သ
သားကိုယ်စားလှယ်တွေ ပါဝင်မှာ
ခွင့်ရတိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အ
တွေမှာလည်း ဦးစီးအဖွဲ့ဝင် ရ
တပ်မတော်သားကိုယ်စားလှယ်

ကြီးကြီးမြ – ဒီလိုပါဝင်တာဟာ နိုင်ငံတော်ရဲ့
လွှတ်တော်အသီးသီးမှာ နိုင်ငံနဲ
အချင်းချင်း အပြန်အလှန်ထိန်း
ဖွဲ့စည်းရတာပဲ ဖြစ်တယ်ကွယ့်၊

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ **ပါဝင်မှု အ**
လှယ်အားလုံးရဲ့ လေးပုံတစ်ပုံ၊ တ
ကိုယ်စားလှယ်အားလုံးရဲ့ သုံးပုံ
လွှမ်းမိုးမှု မပြုနိုင်ဘဲ အချင်းချင်
ပြုနိုင်တဲ့ အခြေအနေဆိုတာ ရှင်းမ

ဘကြီးစိုး – တကယ်တော့ ပြည်တွင်းပြည်ပ
တပ်မတော်သားကိုယ်စားလှယ်
သူတို့ထင်ရာစိုင်းလို့မရနိုင်တော့
နည်းလမ်းမကျဘူးဆိုတဲ့ စကားလ
ဖြစ်ပါတယ်ကွယ်။

စိုးမြကျော် – အဲဒီ အဖျက်သမားတွေကတော့
အရာရာကို ကမ္ဘာကြီးနဲ့ ကိုင်
ကိုင်ပေါက်လိုက်မယ်၊ လူ့အခွင့်
တကဲကဲလုပ်နေတုန်းပဲနော်။

ဘကြီးစိုး – **ဒီနေရာမှာ တပ်မတော်ပါဝင်တ**
မကျဘူးဆိုတာကို ဘာပေတံနဲ့တို
မေးရမယ်။ အမှန်ကတော့ ဒီမိုက
ဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို
လားဆိုတဲ့ ပေတံနဲ့ပဲ တိုင်းရမှ

...ရှ အပိုင်း(၃)

စိုးမြကျော်

...လာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ
...စိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက
...သည်။ အဆိုပါအခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်
...အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို
...င်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်
...ညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်

...ရဲ့ ပြည်ပ
...ရှိတွေ့ရတဲ့
...ဖြစ်တယ်။
...အနှ ရာယ်
...ချို့နိုင်ငံရေး
...င်ခိုးဝှက်နဲ့
...။ တချို့က
...ယ်ခဲ့တယ်။
...းမှာလည်း
...အမြွာမြွာ
...င်ခဲ့ရတာမို့
...နိုင်ငံတော်
...ရက်ပေးခဲ့ရ
...င်ငံတော်နဲ့
...းနိုင်ငံရေး
...ပါဝင်ထမ်း
...င်းကိုတော့
...ပ်ရေးမရမိ
...ခံဥပဒေပါ
...သူတချို့က
...ည်ထောင်စု
...ရေးပါတီနဲ့
...မတော်က
...ကို မျက်မြင်
...။ မြေပေါ်
...ယာဂမျိုးစုံ
...င်းသွားပြီး
...အာဏာ
...င်ငံတော်ရဲ့
...ည် ဖရိုဖရဲ
...အမှန်ပါပဲ။
...ကြီး နိုင်င
...က်စွက်ဖက်
...ရဲ့ အချုပ်
...လှယ်နိုင်ဖို့
...မ်းကွဲပြား
...နဲ့ လုံ့ဆော်
...ညီညွတ်မှု
...း အမျိုးမျိုး
...၊ ၂၂ရာစုရဲ့
...ပြည်သူနဲ့
...ပ်။
...မ်းကွဲမှုတွေ
...ပွားခဲ့ရတဲ့
...အမျိုးသား
...ို လက်ရှိ
...အမျိုးသား
...နေရတာပဲ
...ကွယ်ရေး
...က်ဘက်က
...ပါတယ်။

ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံ့တာဝန်ကို လွှဲပြောင်းပေးတဲ့အခါမှာ နောင်တက်လာမယ့် အစိုးရအနေနဲ့ တည်ငြိမ်အေးချမ်းပြီး အခြေအနေကောင်းတွေ ရရှိဖြစ်ထွန်းနေတဲ့ နိုင်ငံတော်ကို တည့်တည့်မတ်မတ်နဲ့ဆက်လက်ဦးဆောင်သွားနိုင်အောင် မနားတမ်းကြိုးပမ်းဆောင်ရွက်ပေးနေတာဟာ လက်ကမ်းကြိုဆိုရမယ့်လုပ်ရပ်ပဲ မဟုတ်လား။

စိုးမြကျော် – သဘောပေါက်ပါပြီ ဘကြီး။ **အမျိုးသားနိုင်ငံရေးဟာ ပင်မအခြေခံဖြစ်ပြီး တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားကို ဖြစ်စေတယ်။ တပ်မတော်က ပါတီနိုင်ငံရေးနဲ့သွားနေတာ မဟုတ်ဘဲ အမျိုးသားနိုင်ငံရေးနဲ့ ချိတ်ကနေတာဖြစ်လို့ အမျိုးသားရေး အကျိုးစီးပွားကို လိုလားသူတိုင်းက သဘောကျကြမှာ သေချာပါတယ်။**

ဘကြီးစိုး – ဒါကြောင့်မို့ အနာဂတ်နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင်ထမ်းဆောင်နိုင်ရေးဟာ ဒို့နိုင်ငံရဲ့သမိုင်းနောက်ခံ၊ လက်ရှိအနေအထား၊ ပကတိအခြေအနေတွေနဲ့ ကိုက်ညီမနေဘူးလားကွယ်။

စိုးမြကျော် – ကိုက်ညီပါတယ်ဘကြီး။ ဒါပေမယ့် ပြည်တွင်းပြည်ပ အဖျက်သမားတွေကတော့ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုအဖွဲ့တွေမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်နေမှုဟာ ဒီမိုကရေစီနည်းလမ်းမကျဘူးလို့ မီဒီယာမျိုးစုံကနေ အသံကောင်းဟစ်ပြီး ပြည်သူကို သွေးထိုးနေကြတယ်လေ။

ဘကြီးစိုး – သေသေချာချာဆန်းစစ်ကြည့်ရင် **တပ်မတော်ပါဝင်တာဟာ ဒီမိုကရေစီကျတယ်ဆိုတာကို တွေ့နိုင်ပါတယ်ကွယ်။ ဘာကြောင့် ဒီမိုကရေစီကျတယ်ဆိုတာ ဘကြီးဆက်ရှင်းပြမယ်၊ မောင်ကျော်တို့ သိပြီးသားဖြစ်တဲ့အတိုင်း ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်က ၃၃၀ပါဝင်ပြီး တပ်မတော်သား ကိုယ် စားလှယ်က ၁၁၀ ပါဝင်မှာ ဖြစ်တယ်။ အလားတူပဲ အမျိုးသားလွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ် ၁၆၈ဦးနဲ့ တပ်မတော်သားကိုယ်စားလှယ် ၅၆ဦး ပါဝင်မှာဖြစ်တယ်။ အလားတူပဲ တိုင်းဒေသကြီး လွှတ်တော်၊ ပြည်နယ်လွှတ်တော်တွေမှာလည်း ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေနဲ့ ၎င်းတို့ရဲ့ သုံးပုံတစ်ပုံနဲ့ ညီမျှတဲ့ တပ်မတော်သားကိုယ်စားလှယ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေမှာလည်း ဦးစီးအဖွဲ့ဝင် စုစုပေါင်းရဲ့ လေးပုံတစ်ပုံဟာ တပ်မတော်သားကိုယ်စားလှယ်တွေပါဝင်မှာဖြစ်တယ်။**

ကြီးကြီးမြ – ဒီလိုပါဝင်တာဟာ နိုင်ငံတော်ရဲ့ဥပဒေပြုအဖွဲ့အဆင့်ဆင့်ဖြစ်တဲ့ လွှတ်တော်အသီးသီးမှာ နိုင်ငံနဲ့ လူမျိုးအကျိုးကို ရှေးရှုပြီး အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှု ပြုသွားနိုင်ဖို့ ပါဝင်ဖွဲ့စည်းရတာပဲ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ **ပါဝင်မှု အချိုးအစားကလည်း ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံတစ်ပုံ၊ တစ်နည်းပြောရရင် အရွေးချယ်ခံ ကိုယ်စားလှယ်အားလုံးရဲ့ သုံးပုံ တစ်ပုံသာဖြစ်လို့ ဘယ်လိုမှ လွှမ်းမိုးမှု မပြုနိုင်ဘဲ အချင်းချင်း အပြန်အလှန် ထိန်းညှိမှုသာ ပြုနိုင်တဲ့ အခြေအနေဆိုတာ ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။**

ဘကြီးစိုး – တကယ်တော့ ပြည်တွင်းပြည်ပ အဖျက်သမားတွေက အဲဒီလို တပ်မတော်သားကိုယ်စားလှယ်တွေ ပါဝင်ဖွဲ့စည်းမှုကြောင့် သူတို့ထင်ရာစိုင်းလို့မရနိုင်တော့မှာကို ကြိုတွေးပြီး ဒီမိုကရေစီနည်းလမ်းမကျဘူးဆိုတဲ့ စကားလုံးနဲ့ ကိုင်ပေါက်နေကြတာသာ ဖြစ်ပါတယ်ကွယ်။

စိုးမြကျော် – အဲဒီ အဖျက်သမားတွေကတော့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုပြီး အရာရာကို ကမ္ဘာကြီးနဲ့ ကိုင်ပေါက်လိုက်မယ်၊ ဒီမိုကရေစီနဲ့ ကိုင်ပေါက်လိုက်မယ်၊ လူ့အခွင့်အရေးနဲ့ ကိုင်ပေါက်လိုက်မယ် တကဲကဲလုပ်နေတုန်းပဲနော်။

ဘကြီးစိုး – **ဒီနေရာမှာ တပ်မတော်ပါဝင်တာဟာ ဒီမိုကရေစီနည်းလမ်းမကျဘူးဆိုတာကို ဘာပေတံနဲ့တိုင်းပြီး ပြောတာလဲလို့ သူတို့ကို မေးရမယ်။ အမှန်ကတော့ ဒီမိုကရေစီနည်းလမ်း ကျမကျဆိုတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ထိခိုက်သလား၊ မထိခိုက်ဘူးလားဆိုတဲ့ ပေတံနဲ့ပဲ တိုင်းရမှာ ဖြစ်တယ်။ အဲဒီပေတံနဲ့** **တိုင်းကြည့်ရင် လွှတ်တော် အဆင့်ဆင့်မှာတင်သွင်းတဲ့ ဥပဒေမှန်သမျှကို အများစုရဲ့ ဆန္ဒနဲ့အညီ ဆုံးဖြတ် အတည်ပြုရမှာဖြစ်လို့ ဒီလို တပ်မတော်သားတွေ ပါဝင်နေတာဟာ ဒီမိုကရေစီ အနှစ်သာရကို မထိခိုက်ဘဲ ဒီမိုကရေစီအနှစ်သာရ အပြည့်အဝ ရှိနေတယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။**

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ **ပြည်သူ့လွှတ်တော်မှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်ဦးရေ ၃၃၀ကို တပ်မတော်သား ကိုယ်စားလှယ် ၁၁၀က ဒီမိုကရေစီသဘောအရ ဘယ်လိုမှ လွှမ်းမိုးမှုပြုနိုင်မှာ မဟုတ်ပါဘူး။ အမျိုးသား လွှတ်တော်မှာလည်း ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ် ၁၆၈ဦးကို တပ်မတော်သားကိုယ်စားလှယ် ၅၆ဦးက ဒီမိုကရေစီသဘောအရ ဘယ်လိုမှ လွှမ်းမိုးမှုပြုနိုင်မှာ မဟုတ်ပါဘူး။ လွှမ်းမိုးနိုင်တဲ့ အရေအတွက်မဟုတ်ဘဲ ထိန်းညှိနိုင်တဲ့ အရေအတွက်နဲ့သာ ပါဝင်နေတာတွေ့ရပါတယ်။**

ကြီးကြီးမြ – မှန်တာပေါ့ မောင်ကျော်ရယ်။ **ပြည်ထောင်စုလွှတ်တော်မှာလည်း ရွေးကောက်တင်မြှောက်တဲ့ကိုယ်စားလှယ်ပေါင်းက ၄၉၈ ဦး၊ တပ်မတော်သားကိုယ်စားလှယ်က ၁၆၆ဦးပဲ ပါဝင်နေတာမို့ ဒီမိုကရေစီသဘောအရ ဘယ်လိုမှ မလွှမ်းမိုးနိုင်ဘဲ ထိန်းညှိပေးဖို့သာ ဖြစ်တယ်ဆိုတာ ထင်ရှားနေတယ်ကွယ့်။**

ဘကြီးစိုး – ဒါကြောင့် ဒီလိုပါဝင်နေမှုဟာ ဒီမိုကရေစီရဲ့အနှစ်သာရကို ထိခိုက်မှု မရှိတဲ့အတွက် ဒီမိုကရေစီကျတယ်လို့ ဆိုရမယ်။ ဒို့မြန်မာနိုင်ငံရဲ့ အတိတ်သမိုင်းမှာ ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရတဲ့ ခါးသီးတဲ့အဖြစ်မျိုးတွေ ထပ်မံဖြစ်ပေါ်မလာအောင် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး၊ ထိန်းညှိနိုင်ရေးနဲ့ အမျိုးသားအကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်နိုင်ရေးအတွက်သာ ပါဝင်နေရတာဖြစ်တယ်။ ဒါ့ကြောင့် ဒီလိုပါဝင်တာဟာ ဒီမိုကရေစီကျရုံတင်မကဘူး အတိတ်သမိုင်းနဲ့ရော၊ ပစ္စုပ္ပန်အခြေအနေတွေနဲ့ပါ ကိုက်ညီပြီး ဒီမိုကရေစီ အနှစ်သာရနဲ့ပြည့်ဝနေတယ်လို့ ဘကြီးတော့ မြင်တယ်ကွယ့်။

ကြီးကြီးမြ – မင်းဘကြီး ရှင်းပြတာအပြင် ကြီးကြီးက ဖြည့်စွက်ရှင်းပြချင်ပါသေးတယ်။ တပ်မတော်သားတွေဟာ နှစ်ပေါင်း ၆၀ကျော်အတွင်း စစ်ရေးတာဝန်ကိုသာမက နိုင်ငံရဲ့ လိုအပ်ချက်ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတာဝန်တွေကိုပါခေတ်အဆက်ဆက် တွဲဖက်ထမ်းဆောင်ခဲ့ရလို့ အတွေ့အကြုံတွေ အများကြီးရှိထားတယ်။ အဲဒီအတွေ့အကြုံတွေဟာ ကြီးကြီးတို့နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေပဲ မဟုတ်ဘူးလား။ ဒီလူ့စွမ်းအားအရင်းအမြစ်တွေကို အမျိုးသားအကျိုးစီးပွားအတွက် အသုံးပြုရမှာပဲ မဟုတ်လား။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ **နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို ပေါင်းရုံးစုစည်းအသုံးချနိုင်မှ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး အနာဂတ်နိုင်ငံတော် ထွန်းကားတိုးတက်အောင် ပခုံးနဲ့ထမ်းတင်ကြရာမှာ ဒီမိုကရေစီအနှစ်သာရကိုလည်း မထိခိုက်အောင်၊ ညှိနှိုင်းထိန်းသိမ်းနိုင်မှုလည်းရှိအောင်၊ အင်တိုက်အားတိုက်လည်း ဆောင်ရွက်နိုင်အောင် တပ်မတော်က ပါဝင်ထမ်းဆောင်သွားမှာဖြစ်လို့ တိုင်းကျိုးပြည်ပြု စိတ်ထားရှိသူတိုင်းက လိုလားနှစ်သက်ကြမှာ အမှန်ပါပဲ။**

ကြီးကြီးမြ – ဒါနဲ့ကိုစိုးရေ၊ **ကျွန်မတို့နိုင်ငံမှာတင်မဟုတ်ဘဲ အခြားကမ္ဘာ့နိုင်ငံတော်တော်များများမှာလည်း ကိုယ့်နိုင်ငံရဲ့ ပကတိ အခြေအနေနဲ့ လက်တွေ့အနေအထားအရ ကိုယ့်နိုင်ငံအကျိုးကိုရှေးရှုပြီး လွှတ်တော်အဆင့်ဆင့်မှာ ရွေးကောက်တင်မြှောက်မှုမပြုဘဲ သီးခြားခန့်အပ် တာဝန်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရှိတယ်လို့ ကိုစိုး ပြောဖူးပါတယ်။ အဲဒါ ရှင်းပြပေးပါဦး။**

ဘကြီးစိုး – **ကိုယ့်နိုင်ငံရဲ့ လက်ရှိပကတိ အရှိတရားအရ ကိုယ့်နိုင်ငံရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်အောင် လွှတ်တော်အသီးသီးမှာ ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်မဟုတ်သူ (Non elective members) တွေကို ခန့်အပ်တာဝန်ပေးပြီး ဖွဲ့စည်းဆောင်ရွက်နေတဲ့နိုင်ငံပေါင်း ၃၀နီးပါး ရှိနေတယ်လေ။**

စိုးမြကျော် – ဟာ–တော်တော်များပါလား ဘကြီး။ အသေးစိတ်သိပါရစေ။

ဘကြီးစိုး – ဘကြီးလေ့လာထားသလောက် ပြောရရင်တော့ အဲဒီလို ဖွဲ့စည်းဆောင်ရွက်နေတဲ့ နိုင်ငံတွေဟာ အယ်လ်ဂျီးရီးယား၊ ဘာရိန်း၊ ဘူတန်၊ ဘရူနိုင်း၊ အိန္ဒိယ၊ ချီလီ၊ အီဂျစ်၊ ဖီဂျီ၊ ဂမ်ဘီယာ၊ အိုင်ယာလန်၊ ဂျော်ဒန်၊ ကာဇက်စတန်၊ ကင်ညာ၊ Kiribati၊ မော်ရိုကို၊ နီပေါ၊ ရိုမေးနီးယား၊ စပိန်၊ ဆူဒန်၊ ယူဂန္ဒာ၊ တွန်ဂါ၊ ယူအေအီး၊ ဇမ်ဘီယာ၊ ဇင်ဘာဘွေ၊ ဗြိတိန်စတဲ့ နိုင်ငံတွေပဲ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – ဒီမိုကရေစီရဲ့ ဘိုးအေနိုင်ငံလို့ နာမည်ကြီးနေတဲ့ ဗြိတိန်မှာတောင် ရွေးကောက်ပွဲမဝင်ရဘဲ အလိုအလျောက် ခန့်အပ်တာဝန်ပေးထားတဲ့ အမတ်တွေ ရှိနေတာပေါ့နော်။

ဘကြီးစိုး – ဟုတ်တယ်ကွယ့်။ ဗြိတိန်လို့ လူသိများတဲ့ United Kingdom (UK)မှာ အထက်လွှတ်တော် (House of Lords)ဆိုတာ ရှိတယ်။ အဲဒီလွှတ်တော်ရဲ့ ကိုယ်စားလှယ် ၆၅၉ ဦးစလုံးဟာ ရွေးကောက်ပွဲ ဝင်စရာမလိုသူ (Non elective members) တွေပဲ။ သူတို့ဟာ မျိုးရိုးစဉ်ဆက် ဆက်ခံသူ သူကောင်းမျိုးတွေ၊ ဘုရင်မက သူကောင်းပြုထားတဲ့ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ ဖြစ်တယ်လို့ သိရတယ်။

စိုးမြကျော် – ဆက်ပြီး ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – အယ်လ်ဂျီးရီးယားနိုင်ငံရဲ့ အထက်လွှတ်တော် (Council of Nation)မှာ အမတ် ၁၄၄ နေရာရှိတဲ့အနက် သုံးပုံ တစ်ပုံဖြစ်တဲ့ ၄၈ နေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်ပြီး ကျန်သုံးပုံနှစ်ပုံကို မြူနီစီပါယ်ကောင်စီတွေက ရွေးချယ်တယ်။ ဘာရိန်းနိုင်ငံမှာတော့အထက်လွှတ်တော် (Consultative Council)ရဲ့ အမတ်နေရာ ၄၀စလုံးကို ဘုရင်က ခန့်အပ်တယ်။ ဘူတန်နိုင်ငံရဲ့

တပ်မတော်သားတွေဟာ နှစ်ပေါင်း ၆၀ ကျော်အတွင်း စစ်ရေးတာဝန်ကိုသာမက နိုင်ငံရဲ့လိုအပ်ချက်ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတာဝန်တွေကိုပါ ခေတ်အဆက်ဆက် တွဲဖက်ထမ်းဆောင်ခဲ့ရလို့ အတွေ့အကြုံတွေ အများကြီးရှိထားတယ်။ အဲဒီအတွေ့အကြုံတွေဟာ နိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေပဲ မဟုတ်ဘူးလား။ ဒီလူ့စွမ်းအား အရင်းအမြစ်တွေကို အမျိုးသားအကျိုးစီးပွားအတွက် အသုံးပြုရမှာပဲ မဟုတ်လား။

အမျိုးသား လွှတ်တော်မှာ အမတ်နေရာ ၁၅၀ ရှိပြီး သုံးပုံတစ်ပုံကို ဘုရင်ကခန့်အပ်တယ်။ ဘရူနိုင်းမှာတော့ လွှတ်တော်မရှိဘဲ ဘုရင်က ခန့်အပ်တဲ့ ဝန်ကြီးများ ကောင်စီက စီမံခန့်ခွဲတယ်လို့ သိရတယ်။

ကြီးကြီးမြ – ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယမှာကော ကိုစိုး။

ဘကြီးစိုး – အိန္ဒိယနိုင်ငံရဲ့အထက်လွှတ်တော်(Council of State)မှာ စာပေ၊ သိပ္ပံနဲ့ လူမှုရေးထူးချွန်မှုတွေ အပေါ်မူတည်ပြီး သမ္မတက တိုက်ရိုက်ခန့်အပ်တဲ့ အမတ် ၁၂ဦး ရှိတယ်။ အောက်လွှတ်တော် (House of People)မှာ အမတ်၅၄၅နေရာရှိပြီး အင်္ဂလိပ်–အိန္ဒိယကပြားတွေအတွက် နှစ်နေရာကို သမ္မတက တိုက်ရိုက် ခန့်အပ်တယ်လို့ သိရတယ်။ ချီလီနိုင်ငံမှာလည်း အထက် လွှတ်တော် (Senate) မှာ အမတ် ၄၈ နေရာရှိပြီး ၁၀နေရာကို တိုက်ရိုက်ခန့်အပ်တယ်။ ချီလီနိုင်ငံရဲ့ အခြေခံဥပဒေအရ သမ္မတဟောင်းတွေကို ရာသက်ပန် အထက်လွှတ်တော်အမတ်အဖြစ် သတ်မှတ်ထားတယ်။

စိုးမြကျော် – ဆက်ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – အီဂျစ်နိုင်ငံရဲ့ အထက်လွှတ်တော်သဘောဆောင်တဲ့ Advisory Council မှာ အမတ် ၂၆၄ နေရာရှိပြီး ၈၈ဦးကို သမ္မတက ခန့်အပ်တယ်။ အောက်လွှတ်တော်(People's Assembly)မှာ အမတ်၄၅၄ နေရာရှိပြီး သမ္မတက ခန့်အပ်သူ ၁၀ဦး ပါဝင်တယ်။ ဖီဂျီနိုင်ငံရဲ့ အထက်လွှတ်တော်မှာ အမတ်နေရာ ၃၂ နေရာရှိပြီး လူမျိုးစုအကြီးအကဲတွေက အဆိုပြုသူ ၁၄ဦး၊ ဝန်ကြီးချုပ်က အဆိုပြုသူ ကိုးဦး၊ အတိုက်ခံပါတီက အဆိုပြုသူ ရှစ်ဦးနဲ့ Rotuma ကျွန်းအတွက် တစ်ဦးကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။ ဂမ်ဘီယာနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်နေရာ ၅၃နေရာအနက် ငါးနေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။

စိုးမြကျော် – ကျန်တဲ့နိုင်ငံတွေအကြောင်းလည်း သိပါရစေ။

ဘကြီးစိုး – အိုင်ယာလန်ရဲ့ အထက်လွှတ်တော် (Seanad Eireann)မှာ အမတ် ၆၀ရှိပြီး ၁၁ဦးကို ဝန်ကြီးချုပ်က တိုက်ရိုက်ခန့်အပ်တယ်။ ဂျော်ဒန်နိုင်ငံရဲ့ အထက်လွှတ်တော်(Senate)မှာ ပါဝင်တဲ့ အမတ်၄၀ စလုံးကို ဘုရင်ကခန့်အပ်ပြီး အောက်လွှတ်တော်က အတည်ပြုရတယ်။ ကာဇက်စတန်နိုင်ငံရဲ့ အထက်လွှတ်တော် (Senate)မှာ အမတ်၃၉ နေရာရှိပြီး ခုနစ်နေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။ ကင်ညာနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်နေရာ၂၁၀အနက် ၁၂နေရာကို သမ္မတ၊ ရှေ့နေချုပ်နဲ့ လွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်ခန့်အပ်တယ်။ Kiribati ကျွန်းနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်၄၁ဦးအနက် နှစ်ဦးဟာ ခန့်အပ်တာဝန်ပေးခံရသူတွေဖြစ်တယ်။

စိုးမြကျော် – ဟုတ်ကဲ့ပါ ဘကြီး။

ဘကြီးစိုး – မော်ရိုကိုနိုင်ငံရဲ့ အထက်လွှတ်တော်(Chamber of Advisers)မှာ အမတ်နေရာ၂၇၀ရှိပြီး ၆၀ရာခိုင်နှုန်းကို ဒေသကောင်စီတွေက သွယ်ဝိုက်ရွေးချယ်ပြီး ကျန်၄၀ ရာခိုင်နှုန်းကို စီးပွားရေး အဖွဲ့အစည်းတွေနဲ့ အလုပ်သမားသမဂ္ဂတွေက ရွေးချယ်တယ်။ နီပေါနိုင်ငံရဲ့ အထက်လွှတ်တော် (National Council)မှာ အမတ်နေရာ ၆၀ ရှိပြီး ဘုရင်က ၁၀ဦး၊ အောက်လွှတ်တော်က ၃၅ဦးနဲ့ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ခေါင်းဆောင်တွေက ၁၅ ဦးကို ရွေးချယ်ခန့်အပ်တယ်။ ရိုမေးနီးယားနိုင်ငံရဲ့ အောက်လွှတ်တော်(Chamber of Deputies)မှာ အမတ် ၃၄၆ နေရာရှိပြီး ၁၉နေရာကို လူမျိုးစုအတွက် သီးသန့်သတ်မှတ်ထားတယ်။ စပိန်နိုင်ငံရဲ့ အထက်လွှတ်တော် (Senate)မှာ တိုက်ရိုက်ရွေးချယ်တဲ့ အမတ် ၂၀၈ နေရာနဲ့ ဒေသများကို ကိုယ်စားပြုတဲ့ အမတ် ၄၇ နေရာ ပါဝင်တယ်။

စိုးမြကျော် – ဆက်ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – ဆူဒန်နိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ်နေရာ ၃၆၀အနက် ၉၀ကို သွယ်ဝိုက်သောနည်းနဲ့ ရွေးချယ် ခန့်အပ်တယ်။ ယူဂန္ဒာနိုင်ငံမှာလည်း လွှတ်တော်တစ်ရပ်သာထားရှိပြီး အမတ်၂၉၂ နေရာအနက် ၇၈ နေရာကို အထူးအဖွဲ့အစည်းတွေနဲ့ သီးသန့်သတ်မှတ်ပေးထားတယ်။ တွန်ဂါနိုင်ငံမှာလည်း လွှတ်တော်တစ်ရပ်သာထားရှိပြီး ဘုရင်ကခန့်အပ်သူ အမတ်၁၁ဦး၊ လူမျိုးစုခေါင်းဆောင်တွေက ရွေးချယ်ပေးတဲ့ အမတ်ကိုးဦးနဲ့ တိုက်ရိုက်ရွေးချယ်တဲ့ အမတ်ကိုးဦးပါဝင်တယ်။ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)မှာတော့ အကြံပေးတာဝန်ယူရတဲ့ Federal National Council ဖွဲ့စည်းထားပြီး အဖွဲ့ဝင် ၄၀ စလုံးဟာ ခန့်အပ်တာဝန်ပေးခံရသူတွေဖြစ်တယ်။ ဇမ်ဘီယာနိုင်ငံမှာ လွှတ်တော်တစ်ရပ်သာရှိပြီး အမတ် ၁၅၈ နေရာအနက် ရှစ်နေရာကို သမ္မတက တိုက်ရိုက်ခန့်အပ်တယ်။ ဇင်ဘာဘွေနိုင်ငံမှာလည်း လွှတ်တော်တစ်ရပ်သာရှိပြီး အမတ် ၁၅၀ အနက် သမ္မတက ၁၂ဦးခန့်အပ်တယ်။ ပြည်နယ်ရှစ်ခုမှ အုပ်ချုပ်ရေးမှူးတွေဟာအလိုအလျောက်အမတ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရတယ်။

ကြီးကြီးမြ – အင်ဒိုနီးရှားနိုင်ငံရဲ့ အရင်ကကျင့်သုံးခဲ့တဲ့ ပြည်သူ့လွှတ်တော်အကြောင်းကိုလည်း ရှင်းပြလိုက်ပါဦး ကိုစိုးရယ်။

ဘကြီးစိုး – ဒို့ရဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံရဲ့ ပြည်သူ့လွှတ်တော် (House of Representatives)မှာ လွှတ်တော်ကိုယ်စားလှယ် နေရာ ၅၀၀ ရှိတယ်။ သူတို့နိုင်ငံရဲ့အခြေအနေအရ ၂၀၀၄ခုနှစ်အထိ အဲဒီလွှတ်တော်ကိုယ်စားလှယ် ၅၀၀ အထဲက ၃၈ နေရာကို တပ်မတော်အတွက် သတ်မှတ်ပေးခဲ့တယ်လို့ သိရတယ်။

စိုးမြကျော် – **ဒီအခြေအနေတွေကိုကြည့်ရင် ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ ဒီမိုကရေစီစနစ်ကို ကိုယ်စီကိုယ်ငကျင့်သုံးကြရာမှာ ကိုယ့်နိုင်ငံရဲ့သမိုင်းအစဉ်အလာ၊ ပကတိအခြေအနေတွေနဲ့ လိုက်လျောညီထွေလည်းဖြစ်အောင်၊ မိမိနိုင်ငံအကျိုးကိုလည်း အကောင်းဆုံး ဖော်ဆောင်နိုင်အောင်၊ ဒီမိုကရေစီ လည်းကျအောင် ဖော်ဆောင်နေကြတာတွေ တွေ့ရတယ်နော်ဘကြီး။**

ဘကြီးစိုး – ဒါပေါ့ကွယ်။ **ဘကြီးတို့ မြန်မာနိုင်ငံမှာလည်း အဲဒီလို ရှေ့ရေးနောက်ရေးမြော်တွေးပြီး ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ အသင့်တော်ဆုံးဖြစ်အောင်၊ ဒီမိုကရေစီရဲ့ အနှစ်သာရလည်း မထိခိုက်အောင်၊ အနာဂတ်မှာလည်း တိုင်းပြည်နဲ့လူမျိုးအကျိုးကို အကောင်းဆုံးဖော်ဆောင်နိုင်အောင် ဆောင်ရွက်နေကြတာပဲ ဖြစ်တယ်ကွယ့်။**

စိုးမြကျော် – မှန်ပါတယ်ဘကြီး။ **တပ်မတော်ဟာ ပင်ကိုဗီဇအားဖြင့် နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်နေတဲ့၊ သမိုင်းအစဉ်အလာ ကြီးမားတဲ့ အမျိုးသားရေးအင်အားစုကြီးဖြစ်တာနဲ့အညီ နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို အခါမလပ် မျက်ခြည်မပြတ်ဘဲ အနာဂတ်မှာလည်း ဒီမိုကရေစီအနှစ်သာရနဲ့အညီ ဖော်ဆောင်ပေးသွားရမှာပဲဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း တိတိကျကျ သိရပြီမို့ ဘကြီးနဲ့ကြီးကြီးတို့ကို အထူးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျာ။** ။

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂/၂၀၀၆

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်သည်-

(ယမန်နေ့မှအဆက်)

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၇။ ဒေါ်မိမိမော်၊ ဦးစီးအရာရှိ၊ အား/ကာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန

၈။ မမေခင်ယမင်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၉။ မမြင့်မြင့်သန်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၀။ မစန်းစန်းမော်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၁။ မမိုးမိုးဝါ၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၂။ မသက်သက်ဝင်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၃။ မနွယ်နွယ်တိုး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၄။ မစန်းစန်းသိန်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၅။ မနေဇာလင်းလင်းအောင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၆။ မစန်းယုနိုင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၇။ မသီတာဦး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ ချုပ်၊ အားကစားဝန်ကြီးဌာန

၁၈။ မအေးနန္ဒာလှိုင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၉။ မသူဇာထွေး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၀။ မသန်းသန်းထွေး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၁။ မနှင်းဆီမြင့်(ခ)တင်တင်စိုး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၂။ မသီတာမြင့်၊ မြန်မာ့လက်ရွေးစင်ကစားသမား၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၃။ မမာလာဝင်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၄။ မဇင်မာဝမ်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၅။ မခင်ကြွေထွေး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၆။ မောင်စိုးမြတ်မင်း၊မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၇။ ဦးအောင်နိုင်ဝင်း၊ ဗီဒီယိုဓာတ်ပုံအကူ၊ အား/ကာဦးစီးဌာန၊ အားကစား ဝန်ကြီးဌာန

၂၈။ ဦးဆန်းဝင်း၊ နည်းပြ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၉။ ဦးစိုးမိုး၊ နည်းပြ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၀။ မောင်သီဟစည်သူ၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၁။ မောင်ဇော်မိုးထက်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၂။ မောင်ချမ်းချမ်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၃။ မောင်မိုးဝင်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၄။ မောင်မျိုးဇော်ထွန်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၅။ မောင်ဝင်းဇော်အောင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၆။ မောင်အောင်ဆန်းဦး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၇။ မောင်ထူးကျော်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၈။ မောင်အောင်မျိုးသန့်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၃၉။ မောင်ရာဇာဝင်းသိန်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၀။ မောင်စိုးသီဟအောင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၁။ မောင်အောင်မိုး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၂။ မောင်စိုးမင်းဦး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၃။ မောင်စိုင်းသန်းအောင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၄။ မောင်လှအေးထွေး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၅။ မောင်အောင်မြင့်အေး၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၆။ မောင်မင်းမင်းထွန်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၇။ မောင်စည်သူသန်း၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၈။ မောင်ကျော်ဇော်နိုင်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄၉။ မချစ်စုရည်၊ မြန်မာ့လက်ရွေးစင် ကစားသမား၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၀။ ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန၊ အားကစားဝန်ကြီးဌာန

၅၁။ ဦးခင်မောင်တင့်၊ နည်းပြချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန

၅၂။ ဦးကျော်လွင်၊ နည်းပြ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန

၅၃။ ဦးဇော်လင်းအောင်၊ နည်းပြ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစား ဝန်ကြီးဌာန

၅၄။ မောင်နေလှိုင်၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၅။ မောင်အောင်ရဲသွေး၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၆။ မောင်စန်းလွင်ဦး၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၇။ မောင်ဘိုသန်း၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၈။ မောင်ညီညီထွန်း၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅၉။ မောင်နိုင်လင်းထွန်း၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၀။ မောင်သန်းထွန်းအောင်၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာ နိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၁။ မောင်ဉာဏ်လင်းထွန်း၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၂။ မောင်စောအောင်မျိုး၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၃။ မောင်ကိုကိုမောင်၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၄။ မောင်ဇော်နိုင်ထွန်း၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၅။ မောင်အောင်ကျော်မျိုး၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၆။ မောင်အေးမိုး၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၇။ မောင်ဇင်မျိုးအောင်၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၈။ မောင်မျိုးမင်းလတ်၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆၉။ မောင်ကျော်ကျော်ခိုင်၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၇၀။ မောင်ပြည့်ဖြိုးဦး၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၇၁။ မောင်တင့်ဇော်မိုး၊ မြန်မာ့လက်ရွေးစင်အားကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၇၂။ ပါမောက္ခဒေါက်တာမြင့်သောင်း၊ ပါမောက္ခ(အရိုး)၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

၇၃။ ဒေါက်တာဇော်ဝေစိုး၊ အထူးကုဆရာဝန်ကြီး(အရိုး)၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး ကျန်းမာရေးဝန်ကြီးဌာန

၇၄။ ဒေါက်တာ အိပ်ချ်ရှားကိုး၊ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ခွဲစိတ်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးဝန်ကြီးဌာန

၇၅။ ဒေါက်တာအုန်းခိုင်၊ တွဲဖက်ပါမောက္ခ၊ မြောက်ဥက္ကလာပဆေးရုံကြီး ကျန်းမာရေးဝန်ကြီးဌာန

၇၆။ ဒေါက်တာအေးဖေ၊ ဆေးရုံအုပ်ကြီး/အထွေထွေရောဂါကု ဆေးရုံကြီး၊ အင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန

၇၇။ ဒေါက်တာစိန်ဝင်း၊ အထူးကုဆရာဝန်ကြီး(ခွဲစိတ်)၊ အထွေထွေရောဂါကု ဆေးရုံကြီး၊ အင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန

၇၈။ ဒေါက်တာအောင်ကြည်ဝင်း၊ အထူးကုဆရာဝန်ကြီး(အရိုး)၊ အထွေထွေ ရောဂါကုဆေးရုံကြီး၊ အင်းစိန်၊ ကျန်းမာရေးဝန်ကြီးဌာန

၇၉။ ဒေါက်တာမောင်မော်၊ ဆေးရုံအုပ်ကြီး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

၈၀။ ဒေါက်တာထွန်းဦး၊ အထူးကုဆရာဝန်ကြီး(ခွဲစိတ်)၊ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

၈၁။ ဒေါက်တာမျိုးလွင်၊ အထူးကုဆရာဝန်ကြီး(ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန

